# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၄)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော်တစ်ဝန်း မြို့ကြီးများသို့ ရထားစီးသွားနိုင်ကြပြီ

## နေပြည်တော်ဂုဏ်ဒြပ်ကို ထင်ဟပ်စေသော ဘူတာသစ်ကြီး

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ✧ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ✧ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၂

လှပခံ့ထည်သော ဒီဇိုင်းပုံစံ၊ ကြီးမားခိုင်ခံ့သော အဆောက်အအုံ၊ ခရီးသည်များ၊ အဝင်အထွက်ရထားများနှင့် လှုပ်ရှားစည်ကားနေသော နေပြည်တော်ဘူတာကြီးက နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို ဖော်ညွှန်းပြသလျက် ရှိနေသည်။

**နေပြည်တော်ဘူတာ**

နေပြည်တော်ဘူတာသည် ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ ရွာတော်ဘူတာနှင့် ကျည်ထောင်ကန်ဘူတာအကြား မိုင်တိုင် (၂၃၃/၀)တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ နေပြည်တော်ဘူတာနှင့်ပတ်သက်ပြီး သိရှိလေ့လာနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့

*စာမျက်နှာ ၈ ကော်လံ ၁* ■

**နေပြည်တော်ဘူတာသစ်ကြီး**

**ခရီးသွား တိုင်းရင်းသားပြည်သူများ နိုင်ငံတစ်ဝန်းသို့ နေပြည်တော်မှတစ်ဆင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်သော နေပြည်တော်ဘူတာသစ်ကြီးကို ဤသို့ တည်ဆောက်ထားသည်။**

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

# မော်လမြိုင်ကျွန်း ကျီးချောင်းမှသည် ပက်ပြဲဆီသို့

နေပြည်တော် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် လမ်းတံတားများ တိုးချဲ့ဖောက်လုပ်လျက်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်သော သတင်းများအား ပြည်သူများထံ တင်ပြနိုင်ရန်အတွက် သတင်းအဖွဲ့သည် ပင်လယ်ရေကြောင်းလမ်းနှင့် နီးသည့် ဧရာဝတီတိုင်း ကျီးချောင်းဒေသသို့ ဦးတည်လျက် မော်လမြိုင်ကျွန်းမြို့မှ ဧရာမင်းပဲ့ထောင်ရေယာဉ်ဖြင့် ခရီးဆန့်ခဲ့သည်။

**တွေ့ခဲ့ရ**

နံနက်စောစော မိုးနှင်းမှုန်များကြားတွင် လုပ်ငန်းခွင်ဝင်နေသော စက်တပ်ပိုက်လှေကိုယ်စီဖြင့် ရေလုပ်သား အစုအဖွဲ့များကိုလည်း လမ်းခရီးတစ်လျှောက် တွေ့ခဲ့ရသည်။ သတင်းအဖွဲ့ ကျီးချောင်းကျေးရွာရောက်တော့ နံနက် ၉နာရီရှိပြီဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၄* ❒

**ဒေသခံပြည်သူများ သွားလာဆက်သွယ်ရေးတွင် အရေးပါမည့် ကျီးချောင်းတံတား ဆောက်လုပ်ပြီးစီးမှုကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-မော်ကျွန်းမြင့်အောင်

**သတင်းဆောင်းပါး - သိန်းမင်းထက်**

**ဓာတ်ပုံမှတ်တမ်း - မော်ကျွန်းမြင့်အောင်**

**စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)**

23-11 (01).pmd 1 11/23/2009, 2:45 PM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၃ ရက်)

# ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်နေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးမြှင့်ဖော်ဆောင်နိုင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ်ရောက်ရှိရန် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ တိုးတက်ကောင်းမွန်ရန် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာအရေးပါသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းကြီး၏ အစိတ်အပိုင်းဖြစ်သည့် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၀ရက်နေ့က မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူဘူတာဥပစာ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် မြစ်ကူးတံတားများ၊ ကားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ ရထားလမ်းအနေဖြင့် ယခင်ဖောက်လုပ်ပြီး ပုသိမ်-ကြံခင်းရထားလမ်းကို ကြံခင်း-ပခုက္ကူ ရထားလမ်းဖြင့် ဆက်သွယ်ဖောက်လုပ်လျက်ရှိသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင် ၃၂၀၌ ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀နှင့် ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်း မိုင် ၁၁၀ တို့ကို အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိပြီး ၂၀၀၉ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ကြံခင်း-သရက်လမ်းပိုင်း၏ နောက်ဆုံးဆက်စပ်ရန် ကျန်ရှိသည့် ကံမ-သရက်လမ်းပိုင်း ၃၅မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကြံခင်းမှသရက်မြို့အထိ ရထားဖြင့် တစ်ဆက်တည်း သွားလာနိုင်ကြပြီဖြစ်သည်။ ကျန်ရှိသည့်အပိုင်းများမှ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပခုက္ကူ-ပွင့်ဖြူ အပိုင်းတွင် ပါဝင်သည့် ပခုက္ကူ-ကျွန်းချောင်း အရှည် ၂၇မိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်-ကြံခင်းရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းတို့နှင့် ဆက်စပ်ကာ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ မုံရွာ၊ ရွှေဘိုနှင့် မြစ်ကြီးနားအထိ သွားရောက်နိုင်မည်ဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းများအတွင်းရှိ နယ်မြေဒေသများသာမက ချင်းပြည်နယ်နှင့် ကချင်ပြည်နယ် အထိပါ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ကူးလူးဆက်သွယ် သွားလာနိုင်ရေးအတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ၁၇လမ်း၊ ပြည်တော်သာလမ်းနှင့် မဲထီးလမ်းကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီရိကိုတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား

၂၃-၁၁-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၇။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၀ | ၄။ | မြန်မာစာမြန်မာစကား |
| ၄:၃၅ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၀ | ၇။ | စိုက်ပျိုးသုတ |
| ၅:၃၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅:၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆:၄၀ | ၁၃။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၂) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု (နိုင်ငံတော်တည်ဆောက်ရေး အတွက် သိပ္ပံနှင့်နည်းပညာ) |
| | ၂၀။ | Talk of the Town |
| | ၂၁။ | မေးမြန်းစူးစမ်း |
| | ၂၂။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှား ပစ်မှတ်များ** (အပိုင်း-၁၈) |

နိုဝင်ဘာ ၁၄ရက်က သရက်ခရိုင် အထက်မင်းလှမြို့အဝင်လမ်း၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြသောင်း၊ သရက်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဖေမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မင်းလှမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ပါဝင်သော အဖွဲ့က ယာဉ်လိုင်စင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်များ ပြည့်စုံမှုရှိ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိ မရှိနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းရှိ မရှိတို့ကို စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

## သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု အသိပေးဆွေးနွေးပွဲ ပြည်မြို့၌ကျင်းပ

ပြည် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ သက်ကြီးရွယ်အိုစောင့်ရှောက်မှု အသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ရက် နံနက် ၁၀ နာရီက တိုင်းခွဲကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌကိုယ်စား ပြည်ခရိုင်ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာရန်နိုင်မောင်က တိုင်းအတွင်းရှိ သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စီမံချက်မန်နေဂျာ တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်ဟန်က စီမံချက် လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေး ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ လုပ်ငန်းစီမံချက်ဝင် မြို့နယ်များဖြစ်သော ပြည်၊ ပေါက်ခေါင်း၊ ရွှေတောင်နှင့် ကြို့ပင်ကောက်မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(တိုင်း ပြန်/ဆက်)**

## မြေယာရှုခင်းပြုပြင်

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လေယာဉ်ကွင်းလမ်းဆုံတွင် တြိဂံမြေယာရှုခင်းပြုပြင်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးက ရှင်းလင်းတင်ပြစဉ်။

(တိုင်းစည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + ရတနသုတ် |
| ၅:၀၅ | MRTV-4 သတင်း |
| ၆:၀၀ | **သမ္ဗုဒ္ဓသနညဏ်စဉ်** တရားတော် ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၅) |
| ၈:၃၀ | Premier League Highlight (Match 13) |
| ၈:၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၂၀ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀:၂၀ | ညီညာဖြိုးဖြိုး ဂါရဝ |
| ၁၀:၃၅ | International Show Biz |
| ၁၀:၅၅ | ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ) |
| ၁၁:၀၅ | Make in A Delicious Way (အုန်းနို့ရည်နှင့် ကြက်သားဟင်းလျာ ပြုလုပ်နည်း) |
| ၁၁:၂၅ | ကိုယ်ပိုင်ဟန်ဖက်ရှင် (နာရီအလှဆင်ပုံ) |
| ၁၁:၄၀ | Activities in the City (KSS နတ်သုဒ္ဓါဒံပေါက်၏ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား) |
| ၁၁:၅၀ | စာအုပ်ပြခန်း (ရင်သွေးကလေးဂျာနယ်နှင့် တွေ့ဆုံခြင်း) |
| ၁၂:၁၀ | အေးချမ်းသာလ … ဝါဠုက |
| ၁၂:၃၅ | နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူလမ်းက အိမ်ကလေး) |
| ၁:၀၀ | **သမ္ဗုဒ္ဓသနညဏ်စဉ်** တရားတော် ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | **မက်မဆုံးတဲ့ပြက်လုံးများ** ဦးမြတ်သာ၊ ဦးရန်အောင်၊ ဦးပေါစိန် |
| ၃:၁၀ | အလှမျိုးစုံလင် တောင်လှေကား မြို့တော်တစ်ခွင် |
| ၃:၃၅ | အစာခြေအဖွဲ့အစည်းတွင် အဖြစ်များသော ကင်ဆာရောဂါများအကြောင်း |
| ၄:၀၀ | ဂျူချဲအိုင်ဒီယာ၏ သမိုင်းကြောင်း |
| ၄:၂၀ | အေးချမ်းသာလ…. ဝါဠုက |
| ၄:၄၀ | ညီညာဖြိုးဖြိုး ဂါရဝ |
| ၄:၅၅ | ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ) |
| ၅:၀၅ | ဆောင်းအလှပန်းချီ တေးကိုသီ |
| ၅:၂၀ | Activities in the City (KSS နတ်သုဒ္ဓါဒံပေါက်၏ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား) |
| ၅:၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | International Show Biz |
| ၆:၄၀ | အနုပညာမိုးကောင်းကင် |
| ၇:၀၅ | ကိုယ်ပိုင်ဟန်ဖက်ရှင် (နာရီအလှဆင်ပုံ) |
| ၇:၁၅ | နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူလမ်းက အိမ်ကလေး) |
| ၇:၄၅ | Make in A Delicious Way (အုန်းနို့ရည်နှင့် ကြက်သားဟင်းလျာ ပြုလုပ်နည်း) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | **မက်မဆုံးတဲ့ပြက်လုံးများ** ဦးမြတ်သာ၊ ဦးရန်အောင်၊ ဦးပေါစိန် |
| ၉:၀၀ | အနုပညာမိုးကောင်းကင် |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၅) |
| ၁၀:၀၀ | The Search for A Superstar |
| ၁၀:၅၀ | စာအုပ်ပြခန်း (ရင်သွေးကလေးဂျာနယ်နှင့် တွေ့ဆုံခြင်း) |
| ၁၁:၀၀ | အကွက်လှလှ အဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း |
| ၁၁:၁၅ | **နှောင်းနှောင်းတ** ထက်ထက်၊ ဆောင်းအိန္ဒြေထွန်း၊ ဒေါ်တင်တင်လှ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၁၁:၂၅ | ဒေသဧရာအစားအစာ ပုသိမ်ဟာလဝါ |
| ၁၁:၃၅ | စွမ်းအားစက်မှု အရင်းပြု စီမံဆောင်ရွက် နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ |
| ၁၂:၀၀ | စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင် |
| ၁၂:၁၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

23-11 (02).pmd 1 11/23/2009, 2:45 PM

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းပြုပြင်မှု
## တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးဝင်းသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်လူနာများကို အားပေးစကားပြောကြားကာ အလှူငွေများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဆွမ်ပရာဘွမ်မြို့နယ်ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုကားလမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ခတ်ခရားယန်ကျေးရွာတွင် လမ်းခင်းကျောက်များ ထုတ်ယူစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဒရခတံတား**

ယင်းနောက် တိုင်းမှူးသည် ခတ်ခရားယန်ကျေးရွာမှ တာဝန်ရှိသူများအား တွေ့ဆုံနှုတ်ဆက်ပြီး ဒရခတံတားကွဲ့ခိုင် ကောင်းမွန်မှုနှင့် တီယန်ဇွတ်တံတား မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် နိုဝင်ဘာ၁၆ရက် မွန်းလွဲပိုင်းတွင် အကျဲကျေးရွာအနီးရှိ အမှတ်(၃) ခရိုင်ချင်းဆက် လမ်းဆုံနေရာ၌ လမ်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဂုဏ်ပြုချီးမြှင့်**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အသက် ၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်ခန်းမ၌ ကျင်းပရာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်္ဂပူမြို့နယ် ညောင်ကျိုးအထက
## မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုး အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ညောင်ကျိုး အထက ဝေန်ရောခန်းမ၌ လာမည့် ဒီဇင်ဘာ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးအေးကျော် ဖုန်း-၀၉-၅၁-၃၁၂၆၀၊ ဦးကျော်စိန် ဖုန်း-၀၁-၅၇၇၆၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၂၆၅၅၇၊ ဒေါက်တာငွေဝင်း ဖုန်း-၀၉-၈၅-၅၃၇၇၂၊ ဦးတင်အုန်း ဖုန်း-၀၉-၈၅-၈၇၆၃၉၊ ကိုထက်အောင် ဖုန်း- ၀၉-၈၀-၃၂၅၄၀နှင့် ကိုအောင်ကိုလတ် ဖုန်း-၀၉-၅၁-၈၇၁၇၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# သံတောင်ကြီးမြို့နယ်
## မြို့သာယာလှပရေး ဆောင်ရွက်

**သံတောင်ကြီး နိုဝင်ဘာ ၂၂**

သံတောင်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် နိုဝင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် မြို့အဝင် လမ်းဘေးဝဲ/ယာတစ်လျှောက် ချုံနွယ်၊ ကိုင်းမြက်များ ရှင်းလင်းခြင်း၊ နှစ်ရှည်ပင်များ၊ လမ်းဘေးတိုင်များကို ထုံး၊ ဆေးသုတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

အလှူရှင်တစ်ဦးမှ လှူဒါန်းသည့် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးသန်းထွန်းက လက်ခံယူစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
## မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပညာပေးသူ ဆရာဖြစ်သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ သက်ရှည်/အုပ်စုတူအတွင်း ပညာပေးသူ ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့်အမှာစကားပြောကြားကာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် သက်ရှည်အုပ်စုတူအတွင်း အချင်းချင်း ပညာပေး ဆရာဖြစ်သင်တန်းပို့ချရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်လယ်ဝေး၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း မြို့နယ်တို့မှ သင်တန်းသူ ၁၅ဦး တက်ရောက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုကောင်စီဝင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ သင်တန်းသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# နေပြည်တော်တပ်ကုန်း ကျေးရွာစာကြည့်တိုက်များအတွက်
## စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက်၁၁နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် တပ်ကုန်း မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး ခရိုင်ဦးစီးအရာရှိ ဦးအေးဖေက ကျေးဇူးတင်စကားပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်း**

ထို့နောက် အလှူရှင်များက သုတ၊ ရသ စာအုပ်စာစောင်များလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကြသည်။

**လှူဒါန်း**

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက နန်းသြကျေးရွာစာကြည့်တိုက်ဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတော် မတည်ငွေကို စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီသို့ ပေးအပ်ခဲ့ကြောင်းနှင့် စာအုပ်စာစောင်ပေါင်း ၂၀၂၆ အုပ် လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ဗိသုကာအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ဗိသုကာအသင်း၏ (၁၂)ကြိမ်မြောက် ဗိသုကာသက်ကြီးပူဇော်ပွဲနှင့် အမှတ်တရဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၁၄ရက်က လှိုင်တက္ကသိုလ်နယ်မြေဝင်း အတွင်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Function Hall ၌ကျင်းပရာ ရှေးဦးစွာ အပူဇော်ခံ ဗိသုကာသက်ကြီးများနှင့် ဗိသုကာကျောင်းသား ကျောင်းသူများက ၁၉၅၈ခုနှစ်ဘွဲ့ရများမှ လက်ရှိကျောင်းသားများအထိ ကျောင်းသားဘဝအမှတ်တရဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

**ပူဇော်ကန်တော့**

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသန်းတင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး အမှုဆောင်ဒေါ်လှိုင်မော်ဦးက ကွယ်လွန်သူနာယက ဦးမောင်မောင်ကြီး၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားကာ ကျောင်းသား ကျောင်းသူများက ဗိသုကာသက်ကြီး ၂၀ တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ဗိသုကာသက်ကြီးများကိုယ်စား ဦးဝင်းထိန်က သြဝါဒစကား ပြောကြားပြီး လူငယ်ဗိသုကာပညာရှင်များအား ပဟေဠိ အဖြေညှိပွဲကျင်းပကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ပူဇော်ကန်တော့**

မြန်မာနိုင်ငံ ဗိသုကာအသင်း သက်ကြီး ပူဇော်ပွဲတွင် ကျောင်းသား ကျောင်းသူများက ဗိသုကာသက်ကြီး များအား ပူဇော်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

# မြန်မာပို့စ်သတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာပို့စ်သတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၂၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် မြန်မာပို့စ်သတင်းဂျာနယ်တွင် မြို့ပြလူနေမှု၏ ခေတ်မီအဆင့်မြင့် ကွန်ကရစ်တိုက်တာ အဆောက်အအုံအထပ်ထပ်ဖြင့် မွန်းကျပ်မှုအကြား နစ်မွန်းနေရခြင်းအတွက် အပန်းဖြေ အေးရိပ်ခိုရေး လိုအပ်ချက်ကို မီးမောင်းထိုးပြထားသည့် "ပူလာလျှင် ဘယ်လိုအေးရိပ်ခိုရပဲ့" မျက်နှာဖုံးဆောင်းပါး၊ အိန္ဒိယ-မြန်မာကုန်သွယ်မှုမြှင့်တင်နိုင်ရေး အထောက်အကူဖြစ်စေနိုင်မည့် ဒေါ်လာ သန်း ၁၂၀တန် ကုလားတန် ဘက်စုံစီမံကိန်း၊ မြန်မာ့ငါးလုပ်ငန်း ပညာရှင်များ ဗီယက်နမ်သို့ သွားရောက်၍ ထုတ်လုပ်မှု တိုးတက်ရေး လေ့လာမည်၊ ရော်ဘာဈေး ကောင်းမွန်လာသဖြင့် လုပ်ငန်းရှင်များ ပြန်လည်အဆင်ပြေ၊ ပန်းလှိုင်ဆေးရုံ အရှုံးပေါ်၍ပိတ်မည် ဆိုသည့်သတင်း FMI ဥက္ကဋ္ဌငြင်းဆို၊ သဘ်ာသား အလုပ်ခေါ်စာ ဈေးနှုန်းမြင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ထိုင်းစပါး စမ်းသပ်စိုက်ပျိုး၊ မျိုးစေ့ကုမ္ပဏီများ မျိုးစေ့ စမ်းသပ်ထုတ် လုပ်သင့်၊ ဝေန်မြစ်အတွင်း ရေယာဉ် နှစ်စင်းတိုက်မိသည့်ကိစ္စနှင့် နောက်ဆက်တွဲသတင်း၊ FMI မှ ဂျပန် ဆူဇူကီး မော်တော်ကော်ပိုရေးရှင်းသို့ ရှယ်ယာများ ပြန်လည်ရောင်းချ စသည့် ပြည်တွင်းသိမှတ်လေ့လာစရာ သတင်းများ စုံလင်စွာပါရှိသည်။

ထို့ပြင် မောင်ဝံသ၏ ဘာလင်တံတိုင်း၏ပုံရိပ်၊ အောင်(ဆေး-၁)၏ ဝါသနာပါမှ အားထားရ၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၏ စီးပွားရေး မတည်ငြိမ်မှုနှင့် နိုင်ငံရေး မတည်ငြိမ်မှုစသည့် စာဖတ်သူများအတွက် ဗဟုသုတ၊ အတွေးအမြင်သစ်များကို ပေးစွမ်းနိုင်မည့် ဆောင်းပါးများနှင့် အသက် (၆၃)နှစ်ပြည့်သွားတဲ့ ဘိုင်စကုပ်မင်းသမီး မချို၊ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်တင် ရေငုပ်သင်္ဘော၊ ကြမ္မာငင်တဲ့ ရေဘုရင်မိကျောင်း စသည့် ကမ္ဘာတစ်ဝန်းမှ ထူးထူးခြားခြား ဖြစ်ရပ်များ၊ နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာ စီးပွားရေး သတင်းများ၊ နိုင်ငံတကာ အနုပညာကြယ်ပွင့်များပါ လှုပ်ရှားမှုသတင်းများ၊ ကိုရီးယားအနုပညာသတင်းများ၊ ပြည်တွင်းအနုပညာ သတင်းများ၊ နိုင်ငံတကာ အားကစားသတင်းများ စသည့် မြန်မာပို့စ်သတင်းဂျာနယ်၏ အပတ်စဉ်ဖော်ပြနေကျ ကဏ္ဍစုံလင်စွာ ပါရှိသည်။

**(သတင်းစဉ်)**

**မီး**

**သတိပြု**

အီရန် ကိုဒရိုကားထုတ်လုပ်ရေး ကုမ္ပဏီမှ ထုတ်လုပ်သည့် ကားတစ်စီးကို နိုဝင်ဘာ ၂၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

# ဗင်နီဇွဲလားရှိ အီရန်ကားစက်ရုံ ရှေ့နှစ်တွင် ကားစီးရေ ၁၆၀၀၀ကျော် တပ်ဆင်ရောင်းချမည်

တီဟီရန် နိုဝင်ဘာ ၂၂

**လာမည့်နှစ်တွင် ဗင်နီဇွဲလားနိုင်ငံရှိ အီရန်မော်တော်ကားစက်ရုံမှ ကားစီးရေ ၁၆၀၀၀ ကျော် တပ်ဆင်ရောင်းချရန် မျှော်မှန်းထားကြောင်း တီဟီရန်မြို့တော်သို့ ရောက်ရှိနေသည့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး နီကိုလ်မာဒူရိုနှင့် ဗင်နီဇွဲလားသိပ္ပံရေးရာဝန်ကြီး ဂျီးစ်ချာကွန်တို့နှင့် တွေ့ဆုံဆွေးနွေးအပြီး အီရန်စက်မှုနှင့်သတ္တုတွင်းဝန်ကြီး အလီအက်ခ်ဘာမီဟာရာဘင်က နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။**

ဗင်နီဇွဲလားနိုင်ငံအလယ်ပိုင်း၌ နှစ်နိုင်ငံ ပူးတွဲမော်တော်ကားစက်ရုံကို ၂၀၀၆ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ကြသည်။

**တင်ပို့ရောင်းချ**

အီရန်ကိုဒရိုကားကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများကို ဗင်နီဇွဲလား၊ တူရကီ၊ ဘီလာရုစ်၊ ရုရှား၊ ဆီးရီးယား၊ တာဂျစ်ကစ္စတန်ကဲ့သို့သော နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

# နိုင်ဂျီးရီးယား စစ်ရေးလေ့ကျင့်မှု ဆားဘီးယား ကူညီမည်

**လေဂို့စ် နိုဝင်ဘာ ၂၂**

ဆားဘီးယားအစိုးရသည် နိုင်ဂျီးရီးယား တပ်မတော်၏ စစ်ရေးလေ့ကျင့်မှုကို အကူအညီပေးရန် အသင့်ရှိသည်ဟု အာဗူဂျာမြို့သို့ အလည်အပတ်ရောက်ရှိနေသော ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီး ဂျယ်ရယ်မစ်ခ်က ထုတ်ဖော်ပြောကြားသည်။

**စီမံချက်ရေးဆွဲ**

ဆားဘီးယားအစိုးရအနေဖြင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန် ဆန္ဒရှိသည့်အပြင် နိုင်ဂျီးရီးယား နိုင်ငံသားများ ဆားဘီးယားသို့ လာရောက်ပညာသင်ကြားခွင့်ရရှိစေမည့် စီမံချက်ကို ရေးဆွဲရန် စီစဉ်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

**ချီးကျူး**

အာဖရိကတိုက်အတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတွင် နိုင်ဂျီးရီးယားနိုင်ငံ၏အခန်းကဏ္ဍကိုလည်း ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီး ဂျယ်ရယ်မစ်ခ်က ချီးကျူးလိုက်သည်။ **(အင်တာနက်)**

# သက်ကြီးရွယ်အိုအများဆုံး အီးယူနိုင်ငံများအနက် ဂျာမနီက ပထမ၊ အီတလီက ဒုတိယနေရာ၌ရှိနေ

ရောမ နိုဝင်ဘာ ၂၂

**အီတလီနိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများတွင် ဒုတိယမြောက် သက်ကြီးရွယ်အို အများဆုံးနိုင်ငံဖြစ်ကြောင်း၊ အီတလီနိုင်ငံသားခြောက်ဦးလျှင် တစ်ဦးမှာ အသက် ၆၅နှစ်ကျော်သူများဖြစ်ကြောင်း အီတလီအမျိုးသားစာရင်းအင်းရုံး(အင်စတတ်)က နိုဝင်ဘာ ၂၀ရက်၌ ထုတ်ပြန်ကြေညာသည်။**

**သက်တမ်းရှည်လာ**

အီတလီလူဦးရေသည် နှစ်အလိုက် အခြေခံ၍ တွက်ချက်ပါက သက်ကြီးရွယ်အို တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို တွေ့ရကြောင်း၊ အီတလီနိုင်ငံသည် အခြားဥရောပနိုင်ငံအများစုမှာကဲ့သို့ မွေးဖွားမှုနှုန်း နည်းလာကြောင်း၊ အီတလီပြည်သူတို့၏ သက်တမ်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်းဖြင့် အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဖော်ပြ**

အီတလီဇနီးမောင်နှံတို့အနေဖြင့်လည်း အိမ်ထောင်ပြုချိန် အလွန်အမင်းနောက်ကျကြောင်း၊ အတိတ်ကာလကထက် ကလေးမွေးဖွားမှုနှုန်း နည်းလာကြောင်း လင်မယားကွာရှင်းပြတ်စဲမှုများ ပို၍များလာကြောင်းဖြင့်လည်း အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

ဥရောပသမဂ္ဂတွင် ဂျာမနီနိုင်ငံသည် သက်ကြီးရွယ်အိုအများဆုံး နိုင်ငံဖြစ်သည်။ **(အင်တာနက်)**

# ရုရှားနိုင်ငံ၏ ၂၀၁၀ခုနှစ် ဘတ်ဂျက်မူကြမ်း အတည်ပြု

**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားနိုင်ငံ၏ စတိတ်ဒူးမားခေါ် အောက်လွှတ်တော်က ၂၀၁၀ ခုနှစ်ဆိုင်ရာ ဘတ်ဂျက်မူကြမ်းနောက်ဆုံးနှင့် တတိယအဆင့်ကို နိုဝင်ဘာ ၂၀ရက်က အတည်ပြုလိုက်ကြောင်း၊ ထို့ပြင် ၂၀၁၁-၂၀၁၂ ဆိုင်ရာ ဘတ်ဂျက်အခြေခံသတ်မှတ်ချက်မူဘောင်ကိုလည်း အတည်ပြုလိုက်ကြောင်း သိရသည်။

**အခွန်ငွေ**

အဆိုပါ ဘတ်ဂျက်မူကြမ်းအရ ၂၀၁၀ ခုနှစ်တွင် ရုရှားအစိုးရ၏ အခွန်ငွေသည် ရူဘယ် ၆ ဒသမ ၉၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၃၉ဘီလီယံ)ဖြစ်ပြီး အစိုးရအသုံးစရိတ် စုစုပေါင်းသည် ရူဘယ် ၉ ဒသမ ၈၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၄၁ ဘီလီယံ) ဖြစ်သည်။

**ကျဆင်း**

၂၀၁၀ ဘတ်ဂျက်သည် ရုရှားနိုင်ငံ၏ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် (ဂျီဒီပီ)၏ ၆ ဒသမ ၈ ရာခိုင်နှုန်း လိုငွေပြမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်လိုငွေသည် ၂၀၁၁ ခုနှစ်တွင် ဂျီဒီပီ၏ ၄ ရာခိုင်နှုန်း မှန်မှန်ကျဆင်းကာ ၂၀၁၂ ခုနှစ်တွင် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်း ကျဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

**မလေးရှားနိုင်ငံ ဆာဘတ်ပြည်နယ်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

# သြစတြေးလျ၌ မိုးကြိုးပစ်ရာမှ တောမီးလောင်မှုဖြစ်ပွား သဘာဝဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

***ဆစ်ဒနီ နိုဝင်ဘာ ၂၂***

*သြစတြေးလျနိုင်ငံ၌ စံချိန်တင်လောက်သည့် ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကို ခံစားနေရပြီး ပြည်နယ်နှစ်ခုတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိရာ နိုဝင်ဘာ ၂၀ရက်က သဘာဝဘေးအန္တရာယ် သတိပေးချက်များကို ထုတ်ပြန်ထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။*

***ထပ်မံလောင်ကျွမ်း***

*၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း သြစတြေးလျနိုင်ငံ၌ ၁၇၃ဦး သေဆုံးခဲ့သည့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားပြီးနောက် ယခုတစ်ကြိမ် ထပ်မံ၍ တောမီးလောင်ကျွမ်းလျက်ရှိရာ သြစတြေးလျ မီးသတ်တပ်ဖွဲ့ဝင်များမှာ တောမီးငြိမ်းသတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)***

*တောင်သြစတြေးလျပြည်နယ်တစ်ခုတည်း၌ပင် မိုးကြိုးပစ်မှုအကြိမ် ၂၅၀၀၀ခန့် ဖြစ်ပွားမှုကြောင့် မီးလောင်မှု ၁၀၀ခန့်ဖြစ်ပွားခဲ့သည်။ ဆစ်ဒနီမြို့ပြင်ရှိ နယူးဆောက်ဝေးပြည်နယ်တွင်လည်း တောမီးလောင်မှု ၃၄ နေရာ၌ ဖြစ်ပွားခဲ့ရာ ပြည်နယ်၏လေးပုံတစ်ပုံကို သဘာဝဘေးကျရောက်ရာဒေသအဖြစ် အစိုးရက သတ်မှတ်ထားသည်။*

***ရင်ဆိုင်***

*ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ပူပြင်းခြောက်သွေ့မှုနှင့် လေပြင်းများတိုက်ခတ်မှု အခြေအနေမှာ ခန့်မှန်းထားသည်ထက် စောစီးစွာဖြစ်ပေါ်နေကြောင်း၊ သို့အတွက် သြစတြေးလျနိုင်ငံအနေဖြင့် မီးဘေးအန္တရာယ်ဖြင့် ကြုံတွေ့နေရကြောင်း အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။ **(အမ်အင်န်အေ၊ ဆင်ဟွာ)***

# နျူကလီးယားဆိုင်ရာ လျော်ကြေး ကနေဒါအစိုးရ တိုးမြှင့်သတ်မှတ်

အော့တဝါ နိုဝင်ဘာ ၂၂

**နျူကလီးယား မတော်တဆမှုနှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိသူတို့တောင်းဆိုသည့် လျော်ကြေးငွေပမာဏကို ကနေဒါဒေါ်လာသန်း ၆၅၀(အမေရိကန်ဒေါ်လာ ၆၁၇သန်း)အထိ ကနေဒါအစိုးရက တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ယင်းတိုးမြှင့်သတ်မှတ်လိုက်သည့် လျော်ကြေးငွေပမာဏသည် မူလသတ်မှတ်ထားသည့် ငွေပမာဏ ဒေါ်လာ ၇၅သန်းထက် အလွန်အမင်းများပြားကြောင်း ကနေဒါမီဒီယာက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။**

ဖော်ပြ

သို့ရာတွင် လျော်ကြေးငွေပမာဏသည် အခြားနိုင်ငံအချို့၌ သတ်မှတ်ထားသည့် ပမာဏထက် နည်းလွန်းနေသေးကြောင်းလည်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

(အင်တာနက်)

# ဆင်လိမ္မာ စွမ်းရည်ပြ

**တရုတ်နိုင်ငံ ကျင်စုပြည်နယ် စူကျို့မြို့တွင် ဆင်လိမ္မာအဖွဲ့၏ စွမ်းရည်ပြကွက်ကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်၌ တာလီဘန် ၁၈ ဦး သေဆုံး

**ကဘူးလ် နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ အာဖဂန်နှင့် နေတိုးတပ်ဖွဲ့တို့၏ ပူးတွဲစစ်ဆင်ရေး ဆင်နွှဲရာတွင် တာလီဘန်စစ်သွေးကြွ ၁၈ဦး သေဆုံးကြောင်း ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

**သေဆုံး**

အဆိုပါဒေသ၌ တာလီဘန်များကို အပြီးတိုင်ချေမှုန်းပြီးသည်အထိ စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲသွားမည်ဟု ဆိုသည်။ ယင်းစစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# နဝမအကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးမှုးအသင်း ညီလာခံကျင်းပ

**ရန်ကုန်  နိုဝင်ဘာ ၂၂**

နဝမအကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှုးအသင်း ညီလာခံကို နိုဝင်ဘာ ၂၁ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကျန်းမာရေးမှုးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းဝင်ကျန်းမာရေးမှုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံကျန်းမာရေးမှုးအသင်း(ဗဟို) နာယက ဦးဝင်းကြည်(မွန်ပြည်နယ်)နှင့် ဥက္ကဋ္ဌ ဦးအောင်ခင်**(အောက်ပုံ)**တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံယူပြီး အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ဆေးပြခန်းတို့ကို ကြည့်ရှုကြသည်။

ထို့နောက် သက်ကြီးကျန်းမာရေးမှုးများအား ဂါရဝပြုကန်တော့ကြပြီး ညီလာခံကိုယ်စားလှယ်များက ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ (၁၁၃)

# အမြင်သစ် စာကြည့်တိုက် လှိုင်းဘွဲမြို့နယ်တွင် ဖွင့်လှစ်

လှိုင်းဘွဲ  နိုဝင်ဘာ ၂၂

**လှိုင်းဘွဲမြို့နယ် ထီလုံစစ်မှုထမ်းဟောင်းကျေးရွာတွင် အလျား ၃၆ပေ၊ အနံ ပေ၂၀ရှိ အမြင်သစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီကကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အမြင်သစ်စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အလှူရှင်ဦးလှဝင်းက ရှင်းလင်းတင်ပြပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဦးနှင့် အလှူရှင်ဦးလှဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်**

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက (DTH) စလောင်းနှင့် လှိုင်းဘွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်သက်မောင်က ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံယူသည်။ **(အပေါ်ပုံ)**

**လက်ခံယူ**

ထို့နောက် အလှူရှင်ခုနစ်ဦးက လှူဒါန်းသော စာအုပ်၁၁၂၀နှင့် ဂျာနယ်အစောင် ၁၅၀ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးရဲညွန့်က လက်ခံယူသည်။

**လှူဒါန်း**

ဆက်လက်၍ ငွေပဒေသာပင်အတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ငွေကျပ်ငါးသောင်း၊ ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့က ငွေကျပ်ငါးသောင်းနှင့် အလှူရှင်လေးဦးက ငွေကျပ်ခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သည့် ကညွတ်ကွင်းမြို့ စက်တောင်(၄)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# ဟုမ္မလင်းမြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်း

*ဟုမ္မလင်း  နိုဝင်ဘာ ၂၂*

*ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ကမ်းနားလမ်းတစ်လျှောက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။* ***(မြို့နယ်စည်ပင်)***

## ကျောက်ချောခင်း

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ပန်းပင်ကုန်း(ကျေးလက်)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေနှင့် စည်ပင်ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းသည်

### တရုတ် ကျောက်မီးသွေးတွင်းပေါက်ကွဲ ဂ၇ဦးသေဆုံး၊ ၂၀ကျော်ပိတ်မိ

*တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်တွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ရာမှ စုစုပေါင်း သေဆုံးသူ ဂ၇ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ၊ အခြားသတ္တုတွင်းတူးသမား ၂၀ကျော်မှာ ပိတ်မိနေဆဲဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။ ဟေလုံကျန်ပြည်နယ်၌ သတ္တုတွင်းတူး အလုပ်သမား ၅၂၈ဦး ကျောက်မီးသွေးတူးဖော်နေစဉ် ယင်းကဲ့သို့ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။* *(အောက်ပုံ)*

### အာဖဂန်နစ္စတန်တပ်ဖွဲ့ တာလီဘန် နှစ်ဒါဇင်နီးပါးချေမှုန်းခဲ့

*အာဖဂန်နစ္စတန်တပ်ဖွဲ့သည် နိုင်ငံတစ်ဝန်း သီးခြားစစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာတွင် တာလီဘန်စစ်သွေးကြွ နှစ်ဒါဇင်ခန့်ကို ချေမှုန်းနိုင်ခဲ့ကြောင်း နေတိုးအဖွဲ့က ထောက်ခံသည့် အာဖဂန်နစ္စတန်တပ်ဖွဲ့က ကြေညာသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် လောလောဆယ် နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၁၀၀၀၀နီးပါးက တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်နေသော်လည်း အာဖဂန်နိုင်ငံ တည်ငြိမ်မှုရအောင် မလုပ်ဆောင်နိုင်သေးချေ။*

### A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေး မကာအို၌ အမြန်ဆုံးဖြန့်ချိမည်

***မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ(ဆား) အစိုးရကဝယ်ယူထားသည့် ပထမအသုတ် A(H1N1)တုပ်ကွေးရောဂါကာကွယ်ဆေး ၁၀၀၀၀၀ကို မကာအိုသို့ လေကြောင်းခရီးဖြင့် နိုဝင်ဘာ ၂၁ရက်က တင်ပို့လိုက်ပြီဖြစ်ကြောင်းနှင့် အဆိုပါဆေးများကို ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက အမြန်ဆုံးဖြန့်ချိပေးမည်ဖြစ်သည်။***

### ကမ္ဘာ့ကလေးများအတွက် အဆိုးဆုံးဒေသ အာဖဂန်နစ္စတန်နိုင်ငံဖြစ်နေ

*အာဖဂန်နစ္စတန်နိုင်ငံသည် အမေရိကန်ဦးဆောင်သည့် ကျူးကျော်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ရှစ်နှစ်အကြာတွင် ကလေးတစ်ဦး မွေးဖွားလာရန်အတွက် ကမ္ဘာ့ အဆိုးရွားဆုံးဒေသအဖြစ် ရောက်ရှိသွားကြောင်း ကုလသမဂ္ဂ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြထားသည်။ စစ်ဘေးစစ်ဒဏ်ခံနေရသော အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသေမွေးနှုန်းအမြင့်ဆုံး နိုင်ငံဖြစ်ကာ ကလေး၁၀၀၀မွေးလျှင် ၂၅၇ဦးနှုန်း သေဆုံးလျက်ရှိသည်။*

### မွမ်ဘိုင်းတိုက်ခိုက်မှု ကူညီခဲ့သူနှစ်ဦး အီတလီရဲတပ်ဖွဲ့က ဖမ်းဆီးမိ

***မိမိတို့ ရဲတပ်ဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကို လွန်ခဲ့သည့်နှစ်က အကြမ်းဖက် တိုက်ခိုက်မှုတွင် ငွေကြေးအရရော၊ ထောက်ပံ့ပို့ဆောင်ရေးအရရော ကူညီဆောင်ရွက်ပေးခဲ့သည်ဟု စွပ်စွဲထားသည့် ပါကစ္စတန်နှစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း အီတလီရဲတပ်ဖွဲ့က ပြောကြားသည်။ အီတလီနိုင်ငံမြောက်ပိုင်း ဘရက်ဆီယာမြို့၌ ရဲများက နိုဝင်ဘာ ၂၁ရက်တွင် စီးနင်းတိုက်ခိုက်ရာ အဆိုပါနှစ်ဦးအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။***

### အစ္စရေး တိုက်ခိုက်လာခဲ့လျှင် အီရန်နိုင်ငံက ချက်ချင်းလက်တုံ့ပြန်မည်

*အစ္စရေးက အီရန်နိုင်ငံကို တိုက်ခိုက်လာလျှင် အီရန်က အစ္စရေးနိုင်ငံမြို့တော် တဲလ်အဗစ်မြို့လယ်ကို ပစ်မှတ်ထား တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စလာမ်တော်လှန်ရေးအစောင့်တပ် (အိုင်အာရ်ဂျီစီ)မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။ အကယ်၍ ရန်သူအစ္စရေးတပ်များက မိမိတို့အီရန်နိုင်ငံကို ဒုံးကျည်တစ်ချက် ပစ်ခတ်လာလျှင် မိမိတို့အီရန်နိုင်ငံကလည်း ပွဲထိန်းဒုံးပျံများဖြင့် အစ္စရေးနိုင်ငံ၏ မြို့တော် တဲလ်အဗစ်ကို ချက်ချင်းလက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။*

### အစ္စရေးမောင်းသူမဲ့လေယာဉ် လက်ဘနွန်နိုင်ငံပစ်ခတ်

***လက်ဘနွန်လေကြောင်းပိုင်နက်အတွင်း ကျူးကျော်ချိုးဖောက်ဝင်ရောက်လာသည့် အစ္စရေးမောင်းသူမဲ့လေယာဉ်တစ်စင်းကို လက်ဘနွန်နိုင်ငံက အမြောက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်တပ်ဖွဲ့က နိုဝင်ဘာ ၂၁ရက်တွင် ကြေညာချက်ထုတ်ပြန် လိုက်သည်။*** *(အင်တာနက်)*

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အီတလီသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

## ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီတလီသမ္မတနိုင်ငံ ရောမမြို့၌ နိုဝင်ဘာ ၁၅ရက်တွင်ကျင်းပခဲ့သည့် ဘက်မလိုက်နိုင်ငံအကြီးအကဲများ၏ ဇနီးများ၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး (Seeemd Non-Aligned Movement First Ladies Summit)၊ နိုဝင်ဘာ ၁၆ရက် မှ ၁၈ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး [World Summit on Food Security)၊ နိုဝင်ဘာ ၁၉ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သည့် (၃၆)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံ (Thirty-Sixth Session of the Food and Agriculture Organization (FAO) Conference] တို့သို့ တက်ရောက်ခဲ့ကြသည်။

### တက်ရောက်

ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၂နာရီတွင် အီတလီနိုင်ငံ ရောမမြို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနချုပ်ရုံး၌ကျင်းပသည့် ဘက်မလိုက်နိုင်ငံအကြီးအကဲများ၏ဇနီးများ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် ဘက်မလိုက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၏ ဇနီးများ၊ သမ္မတဇနီးများ၊ ဝန်ကြီးချုပ် ဇနီးများနှင့် ကိုယ်စားတက်ရောက်သည့် ဝန်ကြီးအဆင့်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### တင်ပြဆွေးနွေး

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် အီဂျစ်နိုင်ငံသမ္မတ၏ဇနီး ဆူဇန်မူဘာရက်ကဆောင်ရွက်ခဲ့ပြီး လယ်ယာမြေအသုံးချရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် ချေးငွေများ ပံ့ပိုးရရှိနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်သဖြင့် မူဝါဒများကျင့်သုံးရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် အီတလီနိုင်ငံ ရောမမြို့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနချုပ်ရုံး၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ကြပြီး အစည်းအဝေးသို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အဖွဲ့ဝင် ၁၅၂နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ အကြီးအကဲကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အီတလီနိုင်ငံ ရောမမြို့၌ကျင်းပသည့် (၃၆)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။**

(စိုက်ပျိုးရေး)

### နှုတ်ခွန်းဆက်

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf၊ အီတလီနိုင်ငံ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ Mr. Renato Schifani၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Ban Ki-Moon နှင့် ရောမမြို့ မြို့တော်ဝန် Mr. Giovanni Alemanno တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

### ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းကို တင်သွင်းအတည်ပြုခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ စားနပ်ရိက္ခာဖူလုံမှုအတွက် လိုအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လုပ်ကွက်ငယ်လယ်သမားများ၏ အခန်းကဏ္ဍ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် သက်ဆိုင်သော ကူးသန်းရောင်းဝယ်မှုကဏ္ဍ၊ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ အကျပ်အတည်းများမှ စားနပ်ရိက္ခာဖူလုံမှု မထိခိုက်စေရေး ကိစ္စရပ်များကို မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။

နိုဝင်ဘာ ၁၇ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၊ စားနပ်ရိက္ခာဖူလုံရေး အထောက်အကူပြုသည့် စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

### တွေ့ဆုံ

အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ထိပ်သီးအစည်းအဝေး တက်ရောက်နေစဉ်ကာလအတွင်း နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီ မိနစ် ၄၀တွင် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌဖြစ်သူ Mr. Kevin Cleaver နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရုံးချုပ် ဆွေးနွေးပွဲခန်းမ၌လည်းကောင်း၊ ည ၈နာရီတွင် အီတလီနိုင်ငံ အခြေစိုက်အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် (AVSI) အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Alberto Piatti နှင့် AVSI ဌာနချုပ်၌လည်းကောင်း၊ နိုဝင်ဘာ ၁၇ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program) မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲတွင် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Mike Foster နှင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနချုပ်၌ လည်းကောင်း တွေ့ဆုံခဲ့သည်။

### တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက် မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (၃၆)ကြိမ်မြောက် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

### အဖွင့်မိန့်ခွန်း

ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိအဖြစ် အမေရိကန်ပြည်ထောင်စုနိုင်ငံမှ အဖွဲ့ခေါင်းဆောင် ကက်သလင်းမာရီဂန်က လည်းကောင်း၊ ဒုတိယသဘာပတိများအဖြစ် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အဖွဲ့ခေါင်းဆောင် စီကျူကာမူစတပ်ဖ်အာမက်၊ ဂျာမနီနိုင်ငံ အဖွဲ့ခေါင်းဆောင်အန်စ်ဟိန်းရစ်ချ်နှင့် ဇင်ဘာဘွေနိုင်ငံ အဖွဲ့ခေါင်းဆောင် မေရီမာဂရက်မူဂျာဒါတို့က လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြပြီး တူရကီနိုင်ငံ ဝန်ကြီးချုပ် Mr.Recep Tayyip Erdogan က အဖွင့်မိန့်ခွန်း ပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် နိုဝင်ဘာ ၁၈ရက် ည ၇နာရီခွဲတွင် ဖောဆစ်(FOC-SIV) အဖွဲ့မှ ဘုတ်အဖွဲ့ ညွှန်ကြားရေးမှူး Mr. Alberto Zamberletti ခေါင်းဆောင်သည့်အဖွဲ့နှင့် Mediterraneo တို့အား ဟိုတယ်၌ တွေ့ဆုံပြီး လယ်ယာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နာဂစ်မုန်တိုင်းဒဏ်ခံ ဒေသများတွင် (Cyclone Shelter) များ ဆောက်လုပ်ရေးကိစ္စများနှင့် အပူပိုင်းဇုန်ဒေသ ရေရရှိရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

### ကျော်လွှားဖြေရှင်း

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၉ရက်တွင် ဆက်လက်ကျင်းပသည့် (၃၆)ကြိမ်မြောက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံသို့ တက်ရောက်ခဲ့ကြပြီး ညနေ ၄နာရီတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အစည်းအဝေး၏ ရည်ရွယ်ချက်များဖြစ်သည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုမည့် မူဝါဒများ ကျယ်ကျယ်ပြန့်ပြန့် ချမှတ်ဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလ၊ စားနပ်ရိက္ခာဖူလုံမှု အခက်အခဲများ ကျော်လွှားဖြေရှင်းနိုင်ရန် ကြိုးပမ်းနေချိန်တွင် တောင်သူလယ်သမားများ လက်ငင်းထိရောက်စွာ အကျိုးရှိနိုင်မည့် စိုက်ပျိုးရေ ရရှိရေး၊ သွင်းအားစုများ ပံ့ပိုးရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေမည့် ရေသွင်းစိုက်ဧကတိုးမြှင့်၍ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်စေရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု မထိခိုက်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးသည် (၃၆)ကြိမ်မြောက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံ တက်ရောက်နေသည့် ကာလအတွင်း နိုဝင်ဘာ ၁၉ရက် ညနေ ၄နာရီ ၄၅မိနစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှုများ၊ မြန်မာနိုင်ငံ၏စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်မှုတွင် လိုအပ်ချက်တစ်ခုဖြစ်သည့် လယ်ယာ သန်းခေါင်စာရင်း ကောက်ယူရေး၌ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

### တည်ငြိမ်မှု

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဥရောပသမဂ္ဂ (EUROPEAN UNION)၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ဖြစ်သူ Mr.Piero Fassino နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကျူးဆီးပိချ်ရှင်ဟီတို့သည် နိုဝင်ဘာ ၂၀ရက်တွင် Mediterraneo ဟိုတယ်၌ လာရောက်တွေ့ဆုံရာ ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းပြောကြား ဆွေးနွေးခဲ့သည်။

### ရောက်ရှိ

မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရောမမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ ပြည်မြို့၌ကျင်းပ

*ပြည် နိုဝင်ဘာ ၂၂*

*မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုမှ ထောက်ပံ့သော ထောက်ပံ့ငွေချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ရက် နံနက် ၉နာရီက ပြည်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးလွင်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးညွန့်(ငြိမ်း)က ဗဟိုမှထောက်ပံ့ငွေချီးမြှင့်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။*

*ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးစိုးလွင်(ငြိမ်း)၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးညွန့်(ငြိမ်း)တို့က အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ရှစ်ဦးတို့အား ထောက်ပံ့ကြေးငွေများပေးအပ်ရာ ထောက်ပံ့ငွေချီးမြှင့်ခံရသူများကိုယ်စား ဗိုလ်ကြီးစန်းဦး(ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။*

***(တိုင်း ပြန်/ ဆက်)***

သန့်ရှင်းသပ်ရပ်နေသည့် ပခုက္ကူခရိုင် မြိုင်မြို့နယ် ပန်းစွာကျေးရွာ အဝင်မြင်ကွင်း....။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပန်းစွာကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းက ကြုံတုန်းကြုံခိုက် မကြာမီက ဖွင့်လှစ်လိုက်သော ကိုယ့်အားကိုယ်ကိုး ကျပ်ငွေသိန်း၆၅၀ အကုန်အကျခံကာ တည်ဆောက်ထားသည့် ပန်းစွာကျေးရွာ အလယ်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို လိုက်ကြည့်ပါရန် ဖိတ်ခေါ်ခဲ့သည်။

### ကျောင်းဆောင်သစ်

ကျေးရွာ၏ မြောက်ဘက် မြေခုနစ်ဧကအကျယ်တွင် အလျားပေ ၁၄၀၊ အကျယ်ပေ ၃၀၊ အမြင့် ၂၄ပေရှိ အုတ်နံကပ်၊ ပျဉ်ခင်း၊ ကွန်ကရစ် နှစ်ထပ်အဆောက်အအုံ ကျောင်းဆောင်သစ်ကို တွေ့လိုက်ရသည်။ ယခုနှစ် ဇူလိုင် ၁၄ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်းကိုလည်း သိခဲ့ရသည်။

### အဓိက စီးပွားရေး

ပန်းစွာကျေးရွာသည် အိမ်ခြေ ၄၃၉ အိမ်၊ အိမ်ထောင်စု ၄၇၅ စုရှိ၍ လူဦးရေ ၂၃၀၀ကျော်ရှိပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမာအပါအဝင် ကျောင်းဆရာမ ရှစ်ဦး၊ ကျောင်းသား ကျောင်းသူ ၄၄၀ ရှိသည်။ ပန်းစွာကျေးရွာ၏ အဓိက စီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ မိုးနည်းရေရှားဒေသဖြစ်၍ ယခင်က မိုးသောက်စပါး တစ်သီးပင် စိုက်ပျိုးရသည်မှာ အဆင်မပြေလှ။ ယခုမူ နိုင်ငံတော်မှ စက်ယန္တရားများဖြင့် လယ်မြေသစ်များ ဖော်ထုတ်ပေးကာ ရေလှောင်တွင်းရေဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့ကြပေပြီ။

### ကိုယ့်အားကိုယ်ကိုး

သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကြောင့်ပင် ငွေကျပ်သိန်း ၆၅၀အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး အလယ်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကျေးရွာမှ တည်ဆောက်ပေးလိုက်နိုင်ပြီ ဖြစ်သည်။ ပန်းစွာ ရွာသူရွာသားများ၏ ပညာရေးဒါန အလှူစိုက်ထူလိုက်ခြင်းပင်ဖြစ်သည်။ ဤအလှူဒါန အကျိုးဆက်ကြောင့်ပင် မကြာမီကာလအတွင်း ပန်းစွာကျေးရွာကား ရေလှောင်တွင်းမှ အလှုံပင်ထွက်သောရေဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးဖူလုံလျက် ဖွံ့ဖြိုးစည်ပင်လာတော့မည်ကို ကြိုတင်မှန်းဆ မြင်ယောင်နေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

✱ *ကျောဖုံးမှ*

***မီးလောင်ခံလူနာသို့ ပိုးဆက်လိုက်သည့် အခါတွင်လည်း လူနာ၏ ကိုယ်ခံအား ခုခံမှုစနစ်က လက်မခံသည့် ပြဿနာများလည်း မရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။***

*ပြောကြား*

***ပြင်သစ်သုတေသီများ၏ ဤတွေ့ရှိချက်မှာ မီးလောင်ခံရသူ လူနာများအတွက် အရေပြားအသစ်ရရှိရေးတွင် အလားအလာကောင်းကြောင်း သုတေသီပညာရှင်များ အဖွဲ့ခေါင်းဆောင် ဒေါက်တာခရစ္စတင်းဘောလ်ဒက်ချီက ပြောကြားသည်။ ။***

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော မုံရွာမြို့သလ္လာမြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ကျောက်ကာလမ်းဆုံ အုတ်ခုံခံ သံကူကွန်ကရစ်တံတားကို အလှူရှင် ဦးတင်ဝင်းမြင့် - ဒေါ်အေးအေးသန်း (အဓိပတိစာပေ) သီရိရတနာမိသားစုမှ လှူဒါန်းမှုဖြင့် တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သူသူအေး ကွင်းဆင်းကြည့်ရှုစဉ်။**

(မြို့နယ်စည်ပင်)

# (၉၆)ကြိမ်မြောက်သွေးလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇနပလာဇာ အနောက်ဘက်တန်း(မြေညီထပ်) ဝင်ပေါက်(၁၆) R-20 နန်းဦးဝေ ပိုးထည်ဆိုင်မှ ဦးစန်းမောင်မြင့် (စောယွမ်း-ကန့်ဘလူ) (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် နိုဝင်ဘာ ၁၀ရက်က ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ (၉၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

23-11 (06).pmd 1 11/23/2009, 2:45 PM

## ဧရာဝတီတံတား(ပခုက္ကူ)တံတား လျှာထားနေရာ

# တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့သည် နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးကျော်လင်းက တံတားလမ်းအူကြောင်းများ လျာထားမှုအခြေအနေ၊ လက်ပံချေပေါ်ဘက်ကမ်းတွင် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက လက်ပံချေပေါ်ဘက်ကမ်း၌ ဖြတ်သန်းသွားမည့် ကားလမ်းနှင့် ရထားလမ်းကြောင်း အခြေအနေ၊ ပခုက္ကူဘက်ကမ်း၌ တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးရွှေလေးက ပခုက္ကူဘက်ကမ်း၌ ဖြတ်သန်းသွားမည့် ကားလမ်းနှင့် ရထားလမ်းကြောင်း အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး တံတားလျာထားနေရာနှင့် လမ်းအူကြောင်း ရွေးချယ်ထားမှု အခြေအနေတို့ကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးကြကာ ပခုက္ကူဘက်ကမ်းမှ တံတားလျာထားနေရာနှင့် လမ်းအူကြောင်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၁ခုနှစ် နတ်တော်လဆန်း ၇ရက် (အဖိတ်နေ့)**
**၂၃-၁၁-၂၀၀၉ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညိုမင်း၊ (တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၈:၅၅ ၁၁။ ရွှေလီတံတား(နမ့်ခမ်း)

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ အကပဒေသာ
- ၄:၃၅ ၅။ မြန်မာစာ မြန်မာစကား
- ၄:၄၅ ၆။ တေးဂီတအစီအစဉ်
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၂၀ ၉။ ရုပ်မြင်ရသ တေးစုကဏ္ဍ
- ၅:၄၀ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **ဆိုကြမယ် ပျော်ကြမယ်**
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကြယ်စင်သက်သေ**(အပိုင်း-၂) ရန်အောင်၊ လွင်မိုး၊ ထွန်းထွန်းဝင်း၊ နေတိုး၊ ထွန်းထွန်း (Examplez)၊ ရဲလေး၊ ဘုန်းလျှံ၊ ဆန်းထွဋ်၊ ဟိန်းဝေယံ၊ မေသန်းနု၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ စိုးမိုးကြည်၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စိုးရတနာ၊ ဖူးဖူးမောင်၊ (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁)

## ခရမ်းမြို့နယ် စာကြည့်တိုက်များ

# စံ(၅)ချက်နှင့်ညီညွတ်ရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာ၍ စံ(၅) ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်စေရေး၊ စာကြည့်တိုက်များ စာအငှားစနစ်နှင့်ဆောင်ရွက်ပြီး စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရေး၊ စာအုပ်စာစောင်များတိုးပွားလာရေး၊ လုပ်ငန်းစဉ်များ ရေ့ဆက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ဌာနတွင်း တွေ့ဆုံဆွေးနွေးပွဲကို ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အောက်တိုဘာ ၁၉ရက်က ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ဆွေးနွေးပြောကြားပြီး **(အပေါ်ပုံ)** ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်ထွေးက ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

**ချယ်ရီဦး၏ (၂၂)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနား ကျင်းပစဉ်။**

(သတင်းစဉ်)

# ဟသ်ာတမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ချောင်းဖျားကြီးကျေးရွာတွင် ကျင်းပ

***ဟသ်ာတ နိုဝင်ဘာ ၂၂***

*ဧရာဝတီတိုင်း ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၇နာရီက ချောင်းဖျားကြီးကျေးရွာအုပ်စု ချောင်းဖျားကြီးကျေးရွာ ကွင်းအမှတ်(၁၄၁၆) ဦးပိုင်(၂၈)ရှိ တောင်သူဦးစိုးသိန်း၏ ဆင်းသုခမျိုးစပါး စိုက်ပျိုးထားသည့် လယ်မြေသုံးဧက၌ ကျင်းပသည်။*

***ကြည့်ရှုအားပေး***

*မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးငွေလွင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။* ***(အပေါ်ပုံ)***

***ပန်းတိုင်အထွက်နှုန်းပြည့်မီ***

*တောင်သူ ဦးစိုးသိန်း၏ ဆင်းသုခမျိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၂၁ဒသမ ၅ တင်းနှုန်း ထွက်ရှိသဖြင့် ဟသ်ာတမြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၁၂၈၁၆၅ ဧကအနက် အထွက်ကောင်းမျိုး ၈၅ဒသမ ၅၇ရာခိုင်နှုန်း စိုက်ပျိုးထားရှိရာ ကြိုတင်ခန့်မှန်းချက်အရ တစ်မြို့နယ်လုံး ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန် ထွက်ရှိနိုင်မည်ဖြစ်သည်။*

***(ခရိုင် ပြန်/ဆက်)***

## မအူပင်မြို့ အထက (၁) (ယခင်ဟိုက်စကူးကျောင်း)

# မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲ ကျင်းပမည်

**မအူပင် နိုဝင်ဘာ ၂၂**

မအူပင်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို နံနက် ၁၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆နာရီတွင် ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ကန်တော့ခံ အသက် (၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ရန်ကုန်မြို့ ဦးမြစိုး ဖုန်း-၀၁-၅၁၇၁၈၂၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁-၉၀၃၈၆၊ ဦးတင်စိုး ဖုန်း-၀၉-၅၁-၈၁၄၁၂၊ ဦးမျိုးသက် ဖုန်း-၀၉-၅၁-၈၁၄၀၃၊ ကိုမော်ကြီး-မစန္ဒာ ဖုန်း-၀၁-၅၅၁၂၈၆၊ ဦးအောင်ချိုသန်း ဖုန်း-၀၁-၅၃၇၀၇၃၊ မအူပင်မြို့ ဦးသိန်းထွန်း (ကျောင်းအုပ်ကြီး) ဖုန်း-၀၄၅-၃၀၄၇၀နှင့် ဦးသိန်းသန်း (အတွင်းရေးမှူး) ဖုန်း-၀၄၅-၃၀၃၃၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ချယ်ရီဦး အထူးကံထူးရှင်ရွေးချယ်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ချယ်ရီဦး၏ (၂၂)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ရှိ Central Hotel (Jade Hall) ၌ ကျင်းပရာ ရေးဦးစွာ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားကို အနုပညာရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရွေးချယ်ပေး**

ထို့နောက် Naing Family Co., Ltd. မှ ဒေါ်ခင်အေးမြင့်က ကံထူးရှင်ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အနုပညာရှင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များက အမြို့မြို့အနယ်နယ်ရှိ ချယ်ရီဦး အရောင်းဆိုင်များမှ ဝယ်ယူအားပေးသူများအတွက် ကံစမ်းမဲများကို ရွေးချယ်ပေးကြသည်။

**ဖွင့်လှစ်**

ချယ်ရီဦးနာရီဆိုင်သည် ၁၉၈၇ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ရာ (၂၂)နှစ်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး အမြို့မြို့အနယ်နယ်၌ ချယ်ရီဦးနာရီဆိုင်ခွဲပေါင်း ၂၅ဆိုင် ဖွင့်လှစ်ထားရှိသည်။

**ချီးမြှင့်ပေး**

ချယ်ရီဦးနာရီဆိုင်သည် နိုင်ငံပေါင်းစုံမှ Ogival ၊Trofish Romanson၊ Essence၊ Carpe Diem၊ Alexandre Christie၊ Swiss Master၊ Olym Pianns၊ Dennis Martin၊ Rhythm အမျိုးအစားပေါင်းစုံကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးလျက်ရှိပြီး ချယ်ရီဦး နာရီဝယ်ယူအားပေးသည့် မိတ်ဟောင်း ဆွေဟောင်းများအား မေတ္တာတုံ့ပြန်သောအားဖြင့် ကံထူးရှင်ရွေးချယ်ပွဲကို ၂၀၀၆ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့ပြီး ယခုဆိုလျှင် နှစ်ကြိမ်မြောက် ကံထူးရှင်ရွေးချယ်ပေးခြင်းဖြစ်သည်။ (၂၂)နှစ်မြောက် နှစ်ပတ်လည် ကံထူးရှင်ရွေးချယ်ပွဲတွင် ပထမဆု အဝတ်လျှော်စက် ကံစမ်းမဲနံပါတ် ၀၂၃၁၅ ဦးအောင်ဝင်းသိန်း၊ ဒုတိယဆု ရေခဲသေတ္တာ ကံစမ်းမဲနံပါတ် ၀၉၇၈၁ ဦးသန်းနိုင်ဦး၊ တတိယဆု တီဗွီသုံးလုံးကို ကံစမ်းမဲနံပါတ် ၁၀၁၆၃ မသီတာစိုး၊ ကံစမ်းမဲနံပါတ် ၁၁၉၀၆ မောင်ရဲဝေလွင်နှင့် ကံစမ်းမဲနံပါတ် ၀၀၅၉၇ ကိုစိုးသူတို့က ရရှိကြပြီး အခြားကံစမ်းမဲ နာရီအလုံးပေါင်း ၈၀ကျော်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း အမျိုးပေါင်း ၂၀၀ကျော်နှင့် ဆုမဲပေါင်း များစွာပါဝင်၍ တန်ဖိုးငွေကျပ် ၄၆သိန်းကျော် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၇)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ် (၁၂၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ ဇာနည်၊ အသုတ်မောင်ဝင်းရောင်၊ မင်းသွေးနွယ်(ဓနုကုန်း)၊ မောင်မြေမာ(ဖျာပုံ)၊ အောင်ထွန်းလင်း(ချောက်)၊ မော်ကျွန်းရဲခိုင်၊ မြတ်ဘုန်း(တပ်ကုန်း)၊ မောင်တင့်လွင်(ပေါက်)၊ အေးမျိုးကြည်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ဒေါက်တာနိုက်တင်ဂေး၊ သီသီ၊ အောင်ကျော်ဆန်း၊ မောင်စိုးထိုက်(သုံးဆယ်)၊ ကျော်(စက်မှု)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ဂွမ်းဖြူဇင်၊ တက္ကသိုလ်သျှင်သီရိ၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ မြင်းမူဦးအောင်မြင့်သိမ်း၊ စစ်ကိုင်းစိမ်းစိမ်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ကောက်ရိုးနွယ်(ရွှေကူ)၊ တက္ကသိုလ်စိုးယဉ်၊ စေတနာလှိုင်(ရေစကြို)၊ ဦးနန္ဒသာရ၊ ဖွဲသန်းသျှင်း(သုံးဆယ်)၊ မွေးငယ်ငယ်၊ ဖျာပုံလှမိုးနွယ်၊ ဦးမြဝင်းတို့၏ ဆောင်းပါးများနှင့် ဆင်ဖြူကျွန်းအောင်သိန်း၊ အောင်ဇင်၊ စူးရှထက်မြက်(မြင်းမူ)၊ သွဲ့ထားညို(သက္ကလ)၊ပန်းတနော်နောင်လတ်၊ညိုလွှမ်းအောင်၊ရွှေမင်းသား၊ စိုးစံ၊ မောင်တင်ယု၊ ခွဲနေ၊ မြတ်နိုး၊ မောင်နေမွန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ မှတ်သားစရာသတ်ပုံကဗျာ၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်ကဏ္ဍ၊ နိုင်ငံ့ဂုဏ်ရည်သားကောင်းစစ်သည်ကဏ္ဍ အစရှိသည့် ကဏ္ဍစုံဖြင့် သုတရသ စုံလင်စွာ ဖော်ပြထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ၅၂၉/၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ *ရှုဖွံ့မှ*

နေပြည်တော်ဘူတာကို တည်ဆောက်သည့်အင်ဂျင်နီယာမှူး(မြို့ပြ) ဦးစိုးမင်းသန့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"နေပြည်တော်ဘူတာ တည်ဆောက်ရတာကတော့ နေပြည်တော်မှ မြန်မာနိုင်ငံတစ်ဝန်းလုံး မြို့ကြီးတွေကို ရထားနဲ့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖြစ်ပါတယ်။ နေပြည်တော်ဘူတာ တည်ဆောက်မှုအနေနဲ့ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၈ရက်မှာ ပန္နက်ရိုက်ခဲ့ပြီး ၂၀၀၉ခုနှစ် ဇူလိုင် ၅ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု ဦးစိုးမင်းသန့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

**အလွယ်တကူသွားလာနိုင်**

နေပြည်တော်ဘူတာကြီး မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများသို့ အလွယ်တကူသွားလာနိုင်သည့် ပြည့်စုံသော ရထားလမ်း ယာဉ်ပါဝင်သော အဆင့်အတန်းမြင့် ခေတ်မီဘူတာသစ်ကြီးလည်းဖြစ်သည်။ နေပြည်တော်ဘူတာစီမံကိန်းဧရိယာမှာ ပျမ်းမျှ အလျားပေ ၉၀၀၀နှင့် အနံပေ ၄၀၀၀ ရှိပြီး ဧရိယာ အကျယ်အဝန်းမှာ ၈၂၆ ဒသမ ၅၉ဧကခန့် ကျယ်ဝန်းကြောင်း သိရသည်။

"နေပြည်တော်ဘူတာ စီမံကိန်းလုပ်ငန်းကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နဲ့ စတုတ္ထအဆင့် လုပ်ငန်းတွေအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ပါတယ်။ အဆောက်အအုံ အမျိုးအစားကတော့ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပါတယ်။ အခုအချိန်မှာ ပထမအဆင့်နဲ့ ဒုတိယအဆင့်လုပ်ငန်းတွေ ဆောင်ရွက်ပြီးခဲ့ပြီး ၂၀၁၀ခုနှစ်မှာတော့ တတိယအဆင့် လုပ်ငန်းတွေ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှာပါ"ဟု ဦးစိုးမင်းသန့်က ဆက်လက်ရှင်းပြသည်။

နေပြည်တော်ဘူတာ တည်ဆောက်ရေး စီမံကိန်း၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းများတွင် F.O.B လူကူးခုံးကျော်တံတား

## တည်းခိုနိုင်

**"ခရီးသည် ၁၀၀ဆံ့ အိပ်ဆောင်လေးဆောင် တည်ဆောက်ပေးထားပြီးဖြစ်လို့ ခရီးသည်များ အခမဲ့ တည်းခိုနိုင်ပါတယ်"**

ဦးစိုးမင်းသန့် အင်ဂျင်နီယာမှူး (မြို့ပြ)

အပိုင်း ၃၊၄၊၅ တည်ဆောက်ခြင်းလုပ်ငန်း၊ Locomotive Shed တည်ဆောက်ခြင်းလုပ်ငန်း၊ ဘူတာအဝင် ကွန်ကရစ်လမ်းများ ခင်းခြင်းလုပ်ငန်း၊ ဘူတာအရှေ့ ကားရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ တွဲစစ်ဆေး ကျင်းယာဒ်မြေဖို့ခြင်းလုပ်ငန်း၊ ခရီးသည် နားနေစင်္ကြံ အမှတ် (၃) တည်ဆောက်ခြင်းနှင့် Grano ခင်းခြင်းလုပ်ငန်း၊ တွဲစစ်ကျင်းနှင့် စင်္ကြံများတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

**လုံခြုံစိတ်ချ**

"အလျား ပေ ၂၀၀၊ အနံ ပေ ၁၆၀ရှိတဲ့ စက်ခေါင်းရုံကို တည်ဆောက်နေပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမှာဖြစ်ပါတယ်။ စက်ခေါင်းရုံ ပြီးစီးသွားရင် ပြေးဆွဲနေတဲ့ ရထားစက်ခေါင်းတွေ ပိုမိုလုံခြုံစိတ်ချစွာ ပြုပြင်စစ်ဆေးပြေးဆွဲနိုင်မှာပါ။ နေပြည်တော်ဘူတာရဲ့ ရပ်ဝန်းကြီးတစ်ခုလုံး တည်ဆောက်ပြီးစီးသွားရင် ရထားသံလမ်း စုစုပေါင်း ၉၈လမ်းအထိ ရှိမှာဖြစ်ပါတယ်"ဟု ၎င်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်ဘူတာတွင် မော်တော်ယာဉ်ကြီး ယာဉ်ငယ်များ အလွယ်တကူ ဝင်ထွက် သွားလာနိုင်ရေးအတွက် အဝင်အထွက်လမ်းများနှင့် ကားရပ်နား စခန်းလမ်းများကို ကွန်ကရစ်ခင်းပေးထားသည်။ ကားရပ်စခန်းဝန်းကျင်တွင် အလှဆင်မြက်ခင်းများ၊ အလှသစ်ပင်များ စိုက်ပျိုးပေးထားသည်။

**အခမဲ့တည်းခိုနိုင်**

"နေပြည်တော် ဘူတာမှာ ခရီးသည်များ လုံခြုံရေးအတွက် CCTV ကင်မရာ ၂၈လုံးကို ဘူတာပင်မအဆောက်အအုံနဲ့ ခရီးသည် နားနေစင်္ကြံများမှာ တပ်ဆင်ပေးထားပါတယ်။ နေပြည်တော်ဘူတာကို ရထားစီးခရီးသည်များ အလွယ်တကူ လာရောက်နိုင်ဖို့ လိုင်းကားပေါင်းစုံ ပြေးဆွဲပေးနေပါတယ်။ ဒါ့အပြင် ညပိုင်းနဲ့ နံနက်စောစော ရထားစီးခရီးသွားများ တည်းခိုနားနေဖို့ ဘူတာမြောက်ဘက်ခြမ်းမှာ ခရီးသည် ၁၀၀ဆံ့ အိပ်ဆောင် လေးဆောင်လည်း တည်ဆောက်ပေးထားပြီးဖြစ်လို့ ခရီးသည်များ အခမဲ့တည်းခိုနိုင်ပါတယ်"ဟု ဦးစိုးမင်းသန့်က မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့နောက်နေပြည်တော်ဘူတာကြီး ပင်မဆောင်ရှိရာသို့ ထွက်လာခဲ့သည်။ ရထားလက်မှတ်ဝယ်နေသည့် ခရီးသည်များ၊ ထိုင်ခုံများပေါ်တွင် ရထားစီးရန် စောင့်ဆိုင်းနားနေသူများကိုတွေ့ရသည်။ ကျယ်ဝန်းသောနေရာ အခင်းအကျင်းကြောင့် ခရီးသည်များ သက်သောင့်သက်သာ စောင့်ဆိုင်းနားနေကြသည်။

**"သာဝတ္တိမြို့က လာပြီး ရွှေညောင်ကိုသွားဖို့ ရထားစောင့်နေတာပါ"**

ဒေါ်သန်းမြင့်(ခရီးသည်)

**အဆင်ပြေအောင်လုပ်ပေး**

ထိုင်ခုံပေါ်တွင် ထိုင်ကာ ရထားစောင့်နေသူ ခရီးသွားအမျိုးသမီးကြီးတစ်ဦးကို မေးမြန်းရာ "နာမည်က ဒေါ်သန်းမြင့်ပါ၊ သာဝတ္တိမြို့ကလာပြီး ရွှေညောင်ကိုသွားဖို့ ရထားစောင့်နေခြင်းဖြစ်ပါတယ်။ အခုလို ဘူတာအသစ်ကြီးဆောက်ပြီး ရထားစီးရတာ အဆင်ပြေအောင် လုပ်ပေးထားလို့ ကျေးဇူးတင်မဆုံးပါဘူး"ဟု ပြောပြသည်။

နေပြည်တော်ဘူတာမှ လက်ရှိပြေးဆွဲနေသော ရထားခရီးစဉ်များမှာ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မြင်းခြံ၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ချောက်၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်တို့ဖြစ်သည်။

**လွယ်ကူစွာစီးနိုင်**

ထို့အပြင် နေပြည်တော်ဘူတာတွင် ရပ်တန့် ဖြတ်သန်းနေသည့် ရထားများမှာ ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန် ရထားများဖြစ်သော ၃အဆန်၊ ၄အစုန်၊ ၅အဆန်၊ ၆အစုန်၊ ၁၁အဆန်၊ ၁၂အစုန်၊ ၂၉အဆန်၊ ၃၀အစုန်၊ ၁အဆန်၊ ၂အစုန် ရထားများဖြစ်သည်။ တစ်ဖန် နေပြည်တော်ပျဉ်းမနား-ရွှေညောင် ၁၄၁အဆန်ရထား၊ ရွှေညောင်-နေပြည်တော်ပျဉ်းမနား ပြေးဆွဲသည့် ၁၄၂ အစုန်ရထား၊ နေပြည်တော်ပျဉ်းမနား-လွိုင်ကော် ပြေးဆွဲသည့် ၁၄၇အဆန် ရထားနှင့် လွိုင်ကော်-နေပြည်တော်ပျဉ်းမနား ပြေးဆွဲသည့် ၁၄၈အစုန်ရထားတို့ဖြစ်ကြောင်းသိရသည်။ ခရီးသည်များကြိုက်နှစ်သက်သည့် ရထားခရီးစဉ်ကို လွယ်ကူအဆင်ပြေစွာ စီးနင်းနိုင်ကြပြီဖြစ်သည်။

နေပြည်တော် ဘူတာကြီးကား မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး ဖြစ်သည့်အပြင် ဒီဇိုင်းပုံစံလည်း အလှပဆုံးဖြစ်သည်။ ခရီးသွားပြည်သူများ နိုင်ငံတစ်ဝန်းသို့ နေပြည်တော်မှတစ်ဆင့် အချိန်တိုအတွင်း လွယ်ကူ အဆင်ပြေစွာ ရထားစီး သွားလာနိုင်ကြပြီဖြစ်ရာ နေပြည်တော်၏ ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်စေခဲ့ပြီဖြစ်ပါကြောင်း။ ။

**(မြန်မာ့အလင်း)**

# ခရီးသွားပြည်သူများ နိုင်ငံတစ်ဝန်းသို့ နေပြည်တော်မှတစ်ဆင့် အချိန်တိုအတွင်း လွယ်ကူအဆင်ပြေစွာ ရထားစီး သွားလာနိုင်ကြပြီဖြစ်ရာ နေပြည်တော်၏ ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်။

ရထားစက်ခေါင်း ပိုမိုလုံခြုံစိတ်ချစွာ စစ်ဆေးပြုပြင်ရန်အတွက် စက်ခေါင်းရုံ တည်ဆောက်နေမှုကို ဤသို့ တွေ့ခဲ့ရသည်။

# မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ပညာပေးဟောပြောပွဲ

**ကျောက်တန်း နိုဝင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး မောင်မောင်၏ ကြီးကြပ်မှုဖြင့် မူးယစ်အထူး(အရှေ့)အဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ရက်က ကျောက်တန်းမြို့ အထက(၁) မော်ဝန်းရတနာခန်းမနှင့် အထက(၂) သော်ကရတနာခန်းမတို့၌ ကျင်းပရာ ဟောပြောပွဲသို့ ဌာနဆိုင်ရာများ အထက(၁)၊ အထက(၂)မှ ကျောင်းအုပ်

ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်သောင်း (အပေါ်ပုံ)နှင့် မူးယစ်အထူး(အရှေ့)အဖွဲ့ ရဲအုပ်မြင့်သိန်းတို့က အသိပညာပေးဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# တံတားတည်...
# ဝန်ကြီး ဗိုလ်ချုပ်...

နေ...

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗို...
ဆိပ်ဖြူလမ်းအပိုင်း မိုင်တိုင်(၁၃/၀) ၏...
ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်...
ကားလမ်းနှင့်ရထားလမ်းပါ ချစ်ချောင်းတံတ...
စီမံကိန်းအင်ဂျင်နီယာ အင်ဂျင်နီယာမှူးက ပ...
အနီးတွင် တည်ဆောက်လျက်ရှိသော ယော...
တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတ...
နည်းပါးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်...

**ယောချောင်းတံတား**

ယောချောင်းတံတားသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ပင်မတံတားအရှည် ၁၄၄၅ပေနှင့် တံ... ၁၀... လေ... တံ...

# ဖလားဝါးနယူးစ်ဂျာနယ် ...

**ရန်ကုန် နိုဝင်...**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ် ဂျာ...
နေမျိုးထွန်းကြီး ကံကြမ္မာဆိုးသားကောင်များ၏ ...
သို့မဟုတ် ရှမ်းငှက်ကျေးရွာသားများ အထူးသတင်...
သော နေမျိုးထွန်းကြီး သင်္ဘောမှ ခရီးသည်များကို...
ကျပ် တစ်သိန်း ပေးလျော်မည်၊ ရန်ကုန်နှင့် မန္တ...
နေသော ဝေဒနာရှင် နှစ်ထောင်ကျော်ရှိ၊ ဈေးနှု...
FMI က အကောင်အထည်ဖော်မည်၊ ခွင့်ပြုချက်...
များတွင် နိုင်ငံခြားသားများ တည်းခိုခွင့်မရှိ၊ န...
ဆေးပေါင်းခမည်၊ ရာသီဥတုပြောင်းချိန် အရေပြ...
ပြည်တွင်းရေးရာသတင်းများ၊ ဖူကူရှီးမားဆောင်...
မြင်ကွင်း Myanmar Channel၊ ဆရာချစ်စံဝင်...
မင်းရပ်တုနှင့် မင်းတုန်းမြို့၊ ကမ္ဘာ့အရှည်ဆုံး...
ery၊ မဟာ၏ အယ်ဒီတာ့ထံပေးစာ၊ အမှိုက်ပ...
ကာကွယ်ရေးနှင့် လူမှုဆေးပညာဌာနမှ ဒေါက်တာ...
တွေ့ဆုံမေးမြန်းခြင်း၊ အခုဖြစ်နေတဲ့ တုပ်ကွေး...
အင်တာဗျူးဆောင်းပါး၊ ဖုန်းအသုံးပြုသော...
မစ္စတာနာကာမူရာ၏ သူ့ဘဝ သူ့ဒဿန ကိုယ့်...
သွားပါ၊ ပန်းတိုင်ရောက်ပါလိမ့်မယ်ကဲ့သို့သော...
ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်...

ရေနံ့နဲ့သဘာဝဓာတ်ငွေ့က ကျွန်တော်တို့ရဲ့...
မက်ဗီဒက်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေး...
ဆောင်းပါးနှင့်အတူ နိုင်ငံခြားလုပ်သားစီးဝင်မှု...
ရွေးမလဲ၊ ဂျပန်ဧကရာဇ်ကို အိုဘားမားက ဦးညွှ...
သာဖြစ်ဟု ကာကွယ်ပြောကြား၊ ကမ္ဘာ့အသေးငယ်...
တတိယမြောက် ရင်သွေးမွေးဖွားရန်ကြိုးပမ်း၊...
ဘယ်လ်ဂျီယံဝန်ကြီးချုပ် ဗန်ရွမ်ပိုင်းကိုရွေးချယ်...
ဖြေဆိုမည့် ကျောင်းသားများ အနှောင့်အယှက်က...
ခရီးစဉ်များ ပြောင်းလဲပြင်ဆင် စသည့် နိုင်ငံတ...
စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေးနှင့်...
e-Empire Media House မှ မြန်မာတစ်ပြ...

**၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အထကကျောင်းလမ်း ကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဆွေဆွေလွင်က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ဇလွန်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်

**ဇလွန် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်း ဇလွန်မြို့နယ် မေရီလန်းကျေးရွာအုပ်စု မေရီလန်းကျေးရွာတွင် နိုင်ငံတော် ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၈ရက် နံနက် ၉နာရီ ၉မိနစ်က အဆိုပါကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

**ပန္နက်တင်**

ယင်းပန္နက်တင် မင်္ဂလာအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်သိန်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးမြင့်သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးဇော်ဝင်းကြိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးတင်ထွေးနှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်၍ ပန္နက်တင်ပေးကြသည်။

**ပေးအပ်**

ထို့နောက် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းမှ ပထမအရစ် ငွေကျပ် ငါးသိန်းကို မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သိန်းက ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေထံပေးအပ်၍ စုစုပေါင်း ငွေကျပ်သိန်း ၃၀တန် ဆောက်လုပ်မည်ဖြစ်ပြီး ကျန်ငွေကျပ် သိန်း ၂၀ကို ကျေးရွာမှထည့်ဝင် လှူဒါန်းမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

**ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ညအပူချိန်များမှာ ပဲခူးတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၇ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် မင်းတပ်မြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့တွင် ၉ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၀ဒသမ ၂၄လက်မနှင့် လွိုင်လင်မြို့တွင် ၀ဒသမ ၂၀လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၃ရက်ညနေအထိခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့သာယာမည်။
**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့သာယာမည်။
**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# တံတားတည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကွင်းဆင်းစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲက ပခုက္ကူ-ဆိပ်ဖြူလမ်းအပိုင်း မိုင်တိုင်(၁၃/၀)၏ အနောက်ဘက် ၂မိုင် ၂ဖာလုံအကွာ ပေတောကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကားလမ်းနှင့်ရထားလမ်းပါ ချစ်ချောင်းတံတားလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာ အင်ဂျင်နီယာမှူးက ပခုက္ကူ-ဆိပ်ဖြူလမ်းအပိုင်း မိုင်တိုင်အမှတ်(၁၉/၂)၏ အရှေ့ဘက် ဒေါသာရွာအနီးတွင် တည်ဆောက်လျက်ရှိသော ယောချောင်းတံတားတည်ဆောက်နေမှုနှင့် ချစ်ချောင်းတံတား တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

## ယောချောင်းတံတား

ယောချောင်းတံတားသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ပင်မတံတားအရှည် ၁၄၄၅ပေနှင့် တံတားအကျယ် ၁၈ပေ၊ ယာဉ်သွားလမ်း ၁၀ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် လေးပေစီပါရှိသော ရထားလမ်း တံတားဖြစ်သည်။

ချစ်ချောင်းတံတားသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား ဖြစ်ပြီး ပင်မတံတားအရှည် ၉၃၅ပေ၊ တံတားအကျယ် ၂၂ပေ၊ ယာဉ်သွားလမ်း ၁၆ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသော ကားလမ်းနှင့် ရထားလမ်းပါတံတားဖြစ်သည်။

## ဦးစားပေးဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် အနော်ရထာတံတား(ချောက်)ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၄၄/၅)ရှိ ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၁၄)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တံတားအမြန်ပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် သပ်သပ်ရပ်ရပ်ဖြင့် စေတနာထား ဆောင်ရွက်ရန်တို့ကို မှာကြား၍ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၅)၊ အမှတ် (၄၅)၌ နေမျိုးထွန်းကြီး ကံကြမ္မာဆိုးသားကောင်များ၏ အသက်သခင် ကျေးဇူးရှင်ကြီးများသို့မဟုတ် ရှမ်းငှက်ကျေးရွာသားများ အထူးသတင်းဆောင်းပါးနှင့်အတူ နစ်မြုပ်သွားသော နေမျိုးထွန်းကြီး သင်္ဘောမှ ခရီးသည်များကို ထိခိုက်မှုအာမခံအဖြစ် တစ်ဦးလျှင် ကျပ် တစ်သိန်း ပေးလျော်မည်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် မျက်ကြည်လွှာလိုအပ်နေသော ဝေဒနာရှင် နှစ်ထောင်ကျော်ရှိ၊ ဈေးနှုန်းသင့်တင့်သည့် အိမ်ရာစီမံကိန်း FMI က အကောင်အထည်ဖော်မည်၊ ခွင့်ပြုချက်မရှိဘဲ ဆောက်ထားသည့် ဟိုတယ်များတွင် နိုင်ငံခြားသားများ တည်းခိုခွင့်မရှိ၊ နက္ခတ်ဗေဒင်အရ ဒီဇင်ဘာ ၂ရက်တွင် ဆေးပေါင်းခမည်၊ ရာသီဥတုပြောင်းချိန် အရေပြားပြဿနာများ သတိရှိသင့်စသည့် ပြည်တွင်းရေးရာသတင်းများ၊ ဖူကူရှီးမားဆောင်းဦးရွက်ကြွေနေ့ရက်များ ခရီးသွားမြင်ကွင်း Myanmar Channel၊ ဆရာချစ်စံဝင်း၏ ရာဇဝင်မော်ကွန်း သမုဒ္ဒရာဇ မင်းရုပ်တုနှင့် မင်းတုန်းမြို့၊ ကမ္ဘာ့အရှည်ဆုံးသစ်ပင်ကြီး Myanmar Discovery၊ မဟာ၏ အယ်ဒီတာ့ထံပေးစာ၊ အမှိုက်ပလတ်စတစ် ဘယ်လိုရှင်းကြမလဲ၊ ကာကွယ်ရေးနှင့် လူမှုဆေးပညာဌာနမှ ဒေါက်တာစိုးနိုင်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ အခုဖြစ်နေတဲ့ တုပ်ကွေးက ရှိသမျှလူအားလုံးကို ကူးတယ် အင်တာဗျူးဆောင်းပါး၊ ဖုန်းအသုံးပြုသောအခါ သတိပြုစရာ၊ ဂျပန်လူမျိုး မစ္စတာနာကာမူရာ၏ သူ့ဘဝ သူ့ဒဿန ကိုယ့်ယုံကြည်ချက်ရှိတဲ့အတိုင်း မလွဲမသွေသွားပါ၊ ပန်းတိုင်ရောက်ပါလိမ့်မယ်ကဲ့သို့သော မှတ်စရာ ဖတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ရေနံနဲ့သဘာဝဓာတ်ငွေ့က ကျွန်တော်တို့ရဲ့ ဆေးဝါးပါ ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ နိုင်ငံခြားလုပ်သားစီးဝင်မှု လျှော့ချရေး စင်ကာပူ ဘယ်လမ်းရွေးမလဲ၊ ဂျပန်ကေရာဇ်ကို အိုဘားမားက ဦးညွှတ်ခြင်းသည် လေးစားမှုကိုပြသခြင်းသာဖြစ်ဟု ကာကွယ်ပြောကြား၊ ကမ္ဘာ့အသေးငယ်ဆုံး အမျိုးသမီး အသက်နှင့်ရင်း၍ တတိယမြောက် ရင်သွေးမွေးဖွားရန်ကြိုးပမ်း၊ အီးယူ၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ဘယ်လ်ဂျီယံဝန်ကြီးချုပ် ဗန်ရွမ်ပိုင်းကိုရွေးချယ်၊ တောင်ကိုရီးယားတွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ အနှောင့်အယှက်ကင်းဝေးစေရေး၊ ရုံးချိန်နှင့် လေယာဉ်ခရီးစဉ်များ ပြောင်းလဲပြင်ဆင် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

## ငါးပိ ရောင်းချမှု

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ဈေးများတွင် ရောင်းချလျက်ရှိသော ငါးပိဆိုင်များတွင် ဓာတုဆိုးဆေး ပါဝင်ခြင်းရှိ၊ မရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ကျန်းမာရေးမှူး ဒုတိယဦးစီးမှူး (ဈေး) ဈေးတာဝန်ခံနှင့် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်း ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

❒ ရှေ့ဖုံးမှ

## လူသိနည်း

ကျီးချောင်းကျေးရွာသည် ကျွန်းပြာသာဒ် မြစ်ပြင်ကျယ်ပေါ်တွင် မေးတင်ထားသည်။ မော်လမြိုင်ကျွန်းမြို့မှ ၂၂မိုင်ကျော် ကွာဝေးသည်။ ဆန်စပါး၊ ငါး၊ ပုစွန်၊ ကဏန်းနှင့် ဓနိထွက်ရှိသော ဒေသဖြစ်သည်။ ယခင်က ကျီးချောင်းကို လူသိနည်းသည်။ ယခုတော့ ကျီးချောင်းသည် လူသိများ ကျော်ကြားလာသည်။ မြစ်ဝကျွန်းပေါ်ဒေသ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူလမ်းပေါ်တွင် ကျီးချောင်းကျေးရွာ တည်ရှိနေသဖြင့် ရေကျော်ချောင်းကိုဖြတ်၍ ကျီးချောင်းတံတား တည်ဆောက်ပြီးချိန်တွင် ကျီးချောင်းအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်ဟုန်ထိုးဖြစ်ထွန်းခဲ့ပေတော့သည်။

“အခုဆိုရင် နိုင်ငံတော်က သဘာဝဘေးကျရောက်ခဲ့တဲ့ ကျွန်တော်တို့ဒေသကို လမ်း၊ တံတားတွေ တည်ဆောက်ပေးတဲ့အတွက် ဒေသဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါတယ်။ စီးပွားရေး အချက်အချာကျတဲ့ လှိုင်းဘုန်းဒေသကို သွားမယ်ဆိုရင် ကျီးချောင်း တာလမ်းမကြီးအတိုင်း ခြေကျင်ခရီးနဲ့သွားရင်လည်း ရပါပြီ။ နာရီဝက်ခန့်သာ သွားရတာမို့ ခရီးမဝေးအနီးကလေးပါပဲ။ တာလမ်းမကြီး မဖောက်လုပ်မီကဆိုရင် အိမ်တော်ရာ၊ လမုတပင်၊ ရောက်ချောင်းနဲ့ မျှော်ချောင်းကျေးရွာတွေကို ဖြတ်သွားရတာမို့ နှစ်နာရီကျော်ကျော် သွားရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာတဲ့ ကျေးဇူးကြောင့် လိုရာခရီးကို အချိန်ကုန်သက်သာစွာနဲ့ သွားလာနိုင်ပြီဖြစ်ပါတယ်။ အခုလို ဖွံ့ဖြိုးတိုးတက်လာတာဟာ နိုင်ငံတော်ရဲ့ ကျေးဇူးပါပဲ” ဟု ပက်ပြဲအုပ်စုဥက္ကဋ္ဌ ဦးမြင့်သိန်းက ရှင်းပြသည်။

## စိမ်းစိုလန်းဆန်း

ကျီးချောင်းတာလမ်းမကြီးပေါ် အရောက်တွင် နေရောင်ခြည်ဝင်းလက်လက်ကို တွေ့မြင်ကြရသည်။ မိုးကောင်းကင်တစ်ခိုတွင် မိုးရိပ်၊ မိုးငွေ့တို့ မကင်းစင်သေး။ တာလမ်းမကြီးပေါ်မှ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ ကျီးချောင်းကျေးရွာတစ်ခွင်တစ်ပြင်တွင် စိုက်ပျိုးပြီး မိုးစပါးတို့မှာ စိမ်းစိုလန်းဆန်းရှင်သန်လျက်။

## သတင်းစကား

စာရေးသူတို့ သတင်းအဖွဲ့မှာ ညပိုင်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်းစကားဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။ ကျီးချောင်း ရပ်မိရပ်ဖ ဦးကျော်ဝေ၊ ဦးဟံသောင်းနှင့် ဦးလှတင်တို့က ဒေသဖွံ့ဖြိုးရေးအကြောင်း ဤသို့သတင်းစကား လက်ဆောင်ပါးကြသည်။

စာရေးသူတို့ သတင်းစကားဝိုင်းကို ကျေးရွာဥက္ကဋ္ဌ၏ဇနီး ဒေါ်စန်းစန်းဌေးနှင့်အဖွဲ့က အကျွေးအမွေးများဖြင့် ဧည့်ဝတ်ပျူငှာ ဧည့်ခံလိုက်သောအခါ စကားဝိုင်းကလေးမှာ ပိုမိုစိုပြည်သွားသည်။

“ကျွန်တော်တို့ ကျီးချောင်းကို တာလမ်းအသစ်ဖောက်လုပ်မှုက စပြောပါ့မယ်။ ကျီးချောင်းမှ ပက်ပြဲလမ်း ၂၇၁၂ပေ၊ ကျီးချောင်းမှ စခန်းချောင်းသွား တာလမ်းပေ ၃၀၀၀ကျော်ရှိပါတယ်။ ဒါတင်မကသေးပါဘူး ပေ ၅၀၀၀ကျော် ရှည်လျားတဲ့ ကျီးချောင်းလူသွားတာလမ်းမကြီးကိုလည်း သဲလမ်းခင်းထားလို့ စက်ဘီးစီးပြီး ခရီးသွားနိုင်ကြပါပြီ။ ဒါ့အပြင် ကျေးရွာအတွက် အရေးပါတဲ့ သောက်သုံးရေကန်ကိုလည်း အရှေ့ပိုင်း တစ်ကန်နဲ့ အနောက်ပိုင်း တစ်ကန် အသစ်တူးဖော် ပြီးစီးသွားပြီဖြစ်လို့ ကျီးချောင်းကျေးရွာသူကျေးရွာသားများ သောက်သုံးရေ အလုံအလောက် သုံးစွဲနိုင်ကြပါပြီ။ ယခင်က ကျီးချောင်းမှာ သောက်သုံးရေကန်မရှိလို့ ချင်းမကြီးကျေးရွာကို လှေနဲ့တစ်မျိုး၊ ကုန်းကြောင်းတစ်မျိုး သွားခပ်ခဲ့ရတယ်။ အခုတော့ နွေရာသီအတွက်ပါ သောက်သုံးရေ လုံလောက်သွားပြီဖြစ်ပါတယ်” ဟု အားပါးတရ ရှင်းပြကြသည်။

နောက်တစ်နေ့နံနက် နေရောင်ခြည် နုနုထွေးထွေးအောက်တွင် ဇရာမင်းပဲ့ထောင်ရေယာဉ်ဖြင့် ပက်ပြဲကျေးရွာသို့ ခရီးဆက်ခဲ့သည်။ ပက်ပြဲကျေးရွာ ဆိပ်ကမ်းတံတားတွင် ရပ်မိရပ်ဖများ၊ ကျေးရွာသားများက ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်ကြသည်။

## ဝမ်းသာအားရ

ခရီးရောက်မဆိုက်ပင် ရပ်မိရပ်ဖ ဦးထွန်းအောင်ကျော်၊ ဦးစိုးမြင့်နှင့် ဦးမြစိန်တို့က “ပက်ပြဲကျေးရွာက ယခင် ပက်ပြဲ မဟုတ်တော့ပါဘူး။ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်နေတဲ့ ပက်ပြဲဖြစ်သွားပါပြီ။ သတင်းအဖွဲ့ အခုမြင်ရတဲ့ ပက်ပြဲ-ကြံလှတာလမ်းကလည်း သဲလမ်း ခင်းထားပါတယ်။ သွားလာရေး အဆင်ပြေနေပါပြီ။ ပက်ပြဲ-ကျီးချောင်း-လှိုင်းဘုန်း တာလမ်းမကြီးက တစ်ဆက်တည်းဖြစ်တဲ့အပြင် ပက်ပြဲတံတားနဲ့ ကျီးချောင်းတံတားပါ တည်ဆောက်ပြီးစီးလုနေပြီမို့ လမ်းပန်းဆက်သွယ်ရေးအတွက် ဘာမျှပြောစရာမလိုတော့ပါဘူး။ ပက်ပြဲက ဒေသထွက်ကုန်တွေဖြစ်တဲ့ ဆန်စပါး၊ ငါး၊ ပုစွန်၊ ကဏန်းနဲ့ ဓနိထွက်ကုန်တွေလည်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာနဲ့ စတင်စီးဆင်းနေပါပြီ။ ဒါတင်မကသေးပါဘူး သောက်သုံးရေအတွက် မူလရှိပြီးသား ပက်ပြဲအလယ်ပိုင်း ကန်တော်ကြီးအပြင် အသစ်တူးဖော်ထားတဲ့ ကန်များကတော့ ပက်ပြဲမှာ ပက်ပြဲအရှေ့ပိုင်းကန်၊ ကြံလှကျေးရွာကန်နဲ့ စခန်းချောင်းကျေးရွာ ကန်တို့လည်း ရှိနေပါတယ်။ ပက်ပြဲတစ်အုပ်စုလုံး အနေနဲ့ နွေရာသီ သောက်သုံးရေ ရှားပါးချိန်မှာ သောက်သုံးရေအတွက် ပူစရာမလိုတော့ပါဘူး။ ကျေးရွာတိုင်း သောက်သုံးရေကန် ရှိနေပြီမို့ သောက်သုံးရေ အလုံအလောက် သုံးစွဲနိုင်ပြီဖြစ်ကြောင်း” ဝမ်းသာအားရ ရှင်းလင်း ပြောပြကြသည်။

**“ဓနိပင်တွေ နဂိုမူလအတိုင်း ပြန်လည်ဖြစ်ထွန်း အောင်မြင်နေပါတယ်”**

**ဦးအောင်ကျော်မိုး ဓနိခြံပိုင်ရှင်။**

**ကျေးရွာ ခြောက်ရွာမှ ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားလျက် ရှိသော မော်လမြိုင်ကျွန်းမြို့နယ် ပက်ပြဲကျေးရွာ တွဲဖက်အလယ်တန်းကျောင်းကို ဤသို့ တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း- မော်ကျွန်းမြင့်အောင်)

## ပညာရေး

သတင်းအဖွဲ့သည် ပက်ပြဲ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။ ကျောင်းသား ကျောင်းသူများ၏ စာကျက်သံများကို အဝေးကပင် ကြားနေရသည်။ ဆောက်လုပ်ထားသော ကျောင်းဆောင်သစ် လေးဆောင်တွင် ရောက်ချောင်း၊ ကြံလှ၊ မင်းဆယ်၊ ကျီးချောင်း၊ စခန်းချောင်းနှင့် ပက်ပြဲကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ခဲ့ရသည်။

## ဓနိလုပ်ငန်း

ပက်ပြဲဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ဓနိလုပ်ငန်းသည်လည်း အရေးပါသော ဒေသထွက်ကုန်တစ်ခုဖြစ်သည်။ သတင်းအဖွဲ့မှာ ပက်ပြဲ ဓနိထွက်ကုန်အကြောင်း သိရှိလိုပါသဖြင့် ဓနိခြံပိုင်ရှင် ဦးအောင်ကျော်မိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

“ကျွန်တော်တို့ ပက်ပြဲဒေသမှာ ဓနိပင်များဟာ ချောင်းကမ်းနှစ်ဖက်မှာ အုံ့ဆိုင်းညို့မှိုင်းပြီး အားရစရာကောင်းအောင် အောင်မြင်ဖြစ်ထွန်းနေတာကို သတင်းအဖွဲ့ တွေ့မြင်ခဲ့မှာပါ။ သဘာဝဘေး ကျရောက်စဉ်က ဓနိပင်အချို့ ပျက်စီးမှုရှိသော်လည်း အခုဆိုရင် အစားထိုးရှင်သန်အောင်မြင်မှုရှိပြီလို့ ပြောရင်ရပါပြီ။ ပက်ပြဲလို ဓနိထွက်အားကောင်းတဲ့ လှိုင်းဘုန်း၊ ကဇောင်းနဲ့ ရေတွင်းကုန်း ကျေးရွာအုပ်စုတွေမှာလည်း ဓနိပင်တွေ နဂိုမူလအတိုင်း ပြန်လည်ဖြစ်ထွန်း အောင်မြင်နေပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ်မှာလည်း ဓနိဈေး မတက်ပါဘူး။ လာမည့်နှစ်မှာလည်း ဓနိဈေးတက်ဖို့ အလားအလာ မရှိပါဘူး” ဟု ရှင်းပြသည်။

အချိန်မှာ မွန်းလွဲ ၂နာရီရှိခဲ့ပေပြီ။ သတင်းအဖွဲ့မှာ ပက်ပြဲကျေးရွာကို လက်ပြနှုတ်ဆက်ရင်း ဓနိချောင်းစံပြကျေးရွာသို့ ဦးတည်လျက် ဇရာမင်း ပဲ့ထောင်ရေယာဉ်ဖြင့် ခရီးဆက်ခဲ့ကြသည်။

## ဖွံ့ဖြိုးတိုးတက်

ယခုအခါ ကျီးချောင်းနှင့် ပက်ပြဲကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သောကြောင့် ဒေသထွက်ကုန်ပစ္စည်းများကို ဈေးကွက်ရှိရာသို့ အချိန်တို ကာလအတွင်း အလျင်အမြန် ပို့ဆောင်ရောင်းဝယ်နိုင်ကြပြီဖြစ်ရာ ဒေသခံ ကျေးရွာသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေပြီ ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

**ကျီးချောင်းနှင့် ပက်ပြဲကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သောကြောင့် ဒေသထွက်ကုန်ပစ္စည်းများကို ဈေးကွက်ရှိရာသို့ အချိန်တိုကာလအတွင်း အလျင်အမြန် ပို့ဆောင်ရောင်းဝယ်နိုင်ကြပြီဖြစ်ရာ ဒေသခံကျေးရွာသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိ။**

မြကမ္ဗလာခင်းထားသည့်နှယ် အောင်မြင်ဖြစ်ထွန်းနေသော ကျီးချောင်းကျေးရွာမှ မိုးစပါးစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မော်ကျွန်းမြင့်အောင်)

23-11 (8+9).pmd 2 11/23/2009, 2:46 PM

# ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းကြပါ

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့သည် နိုဝင်ဘာလ ၁၄ ရက်နေ့က ကျရောက်ခဲ့သည်။ ဆီးချိုသွေးချိုရောဂါကို မဖြစ်ခင်ကပင် ကာကွယ်ရေးနှင့် ရောဂါဖြစ်ခဲ့လျှင်လည်း လူစဉ်မမီဖြစ်ခြင်း၊ အရွယ်မတိုင်မီ အသက်ဆုံးရှုံးခြင်းများ မဖြစ်ရအောင် ထိန်းသိမ်းထားနိုင်ရေးတို့ကို ရည်ရွယ်ကာ ယခင်က ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ကို အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်ကြီးက ဦးဆောင်ကာ တစ်ကမ္ဘာလုံးတွင် ကျင်းပခဲ့သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ''ဆီးချိုသွေးချိုရောဂါကြောင့် နောက်ဆက်တွဲဆင့်ပွားရောဂါများ ဖြစ်ပေါ်လာစေပြီး မိသားစုများ၊ နိုင်ငံများ၊ တစ်ကမ္ဘာလုံးအား ခြိမ်းခြောက်နေသည့် ရောဂါဆိုး တစ်ခုအဖြစ်'' အသိအမှတ်ပြုခဲ့သည်။ သမိုင်းဝင်ထူးခြားသည့် ဆုံးဖြတ်ချက်အမှတ် (၆၁/၂၂၅)ကိုလည်း ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ထုတ်ပြန်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက်အရ နိုဝင်ဘာလ ၁၄ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို ကုလသမဂ္ဂ၏ အထိမ်းအမှတ် ရက်တစ်ရက်အဖြစ် သတ်မှတ်ကာ ၂၀၀၇ခုနှစ်မှစ၍ နှစ်စဉ်ကုလသမဂ္ဂက ဦးဆောင်ကျင်းပသွားရန် ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို ကျင်းပရန် အထောက်အကူပေးခြင်း၊ ဆီးချိုသွေးချိုရောဂါကြောင့် တစ်ကမ္ဘာလုံးအား ထိခိုက်နစ်နာစေခြင်းကို မီးမောင်းထိုးပြခြင်း စသည့်အချက်များက ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးတွင် ကုလသမဂ္ဂမှ ဦးဆောင်ပါဝင်ရန် သန္နိဋ္ဌာန်ချထားခြင်းကို ပေါ်လွင်စွာဖော်ပြနေခြင်းပင်ဖြစ်ပါသည်။ ကူးစက်ရောဂါများကြောင့် ကပ်ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊တီဘီရောဂါနှင့် HIV / AIDS ရောဂါများကဲ့သို့ပင် ဆီးချိုသွေးချိုရောဂါကဲ့သို့သော ကူးစက်မဟုတ်သော ရောဂါတစ်ခုအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအား လေးနက်စွာ ခြိမ်းခြောက်နေခြင်းကို အသိအမှတ်ပြုခဲ့ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

၎င်းဆုံးဖြတ်ချက် (၆၁/၂၂၅)ကို ချမှတ်ခဲ့ခြင်းသည် ကမ္ဘာပေါ်ရှိ ဆီးချို သွေးချိုရောဂါရှိနေသူများ အားလုံးအတွက်သာမက ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသူများအတွက်ပါ အဓိကကျသည့် အောင်မြင်မှုကြီးတစ်ခုဖြစ်သည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်(၆၁/၂၂၅)အရ ကမ္ဘာ့ကပ်ရောဂါကြီးအား တိုက်ဖျက်ရေးတွင် နိုင်ငံအားလုံးက ဆီးချိုသွေးချိုရောဂါကာကွယ်ရေးနှင့် ကုသစောင့်ရှောက်ရေးတို့အတွက် အမျိုးသားရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရန် အားပေးတိုက်တွန်းထားသည်။ ဆီးချိုသွေးချိုရောဂါကာကွယ်ရေးတွင် တစ်ကမ္ဘာလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ကုလသမဂ္ဂ၏ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သန္နိဋ္ဌာန်ချထားမှုအပေါ် ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရာလည်း ရောက်ပါသည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ်ကျင်းပရာတွင် ဆီးချိုသွေးချိုရောဂါနှင့် သက်ဆိုင်သော အကြောင်းအရာတစ်ခုကို ရွေးချယ်သတ်မှတ်ပြီး ၎င်းအကြောင်းအရာပေါ်မူတည်၍ တစ်နှစ်ပတ်လုံး လှုပ်ရှားမှုများပြုလုပ်ကြသည်။ ယခင်က ဆောင်ပုဒ်များအတွက် အကြောင်းအရာများမှာ ဆီးချိုသွေးချိုရောဂါနှင့် လူ့အခွင့်အရေး၊ ဆီးချိုသွေးချိုရောဂါနှင့် လူ့ဘဝနေထိုင်မှုဟန်၊ ဆီးချိုသွေးချိုရောဂါအတွက် ကုန်ကျစရိတ် စသည်တို့ပါဝင်ခဲ့သည်။

၂၀၀၁ခုနှစ်မှ စတင်၍ ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆင့်ပွား ရောဂါများကို အထူးသတိပြုလာကြစေရန် ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ ၎င်းတို့မှာ-

၂၀၀၁-''ဆီးချိုသွေးချိုရောဂါနှင့် နှလုံးသွေးကြောရောဂါများ''

၂၀၀၂-''စက္ခုအမြင် ထိန်းလိုလျှင်၊ ဆီးချိုသွေးချိုရောဂါ ဂရုပြုဆင်ခြင်''

၂၀၀၃-''ဆီးချိုသွေးချိုရောဂါ ကာကွယ်ပေး၊ မနေးဆောင်ရွက် ကျောက်ကပ်အတွက်''

၂၀၀၄-''အဝမလွန်အောင် ကြိုးစားကာ၊ ဆီးချိုသွေးချိုကာကွယ်ပါ''

၂၀၀၅-''ဆီးချိုရှိလျှင် သတိယှဉ်၊ ကာကွယ်စောင့်ရှောက် သင့်ခြေထောက်''

တို့ ဖြစ်ကြသည်။

၂၀၀၆ တွင်မူ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ တောရောမြို့ပါမကျန်၊ ဆင်းရဲချမ်းသာမရွေး တစ်ပြေးညီစွာ ရရှိခံစားကြစေရေးအတွက် ရည်ရွယ်ပြီး ဆီးချိုသွေးချို ကာကွယ်ဖို့၊ လူတိုင်း ပါဝင်စောင့်ရှောက်စို့''ဟု ဆောင်ပုဒ်သတ်မှတ်ပြီး လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။

၂၀၀၇ ခုနှစ်တွင်မူ ကလေးသူငယ်နှင့် ဆယ်ကျော်သက်များတွင် ဆီးချိုသွေးချို အန္တရာယ်ကာကွယ်ရန်ရည်ရွယ်၍ လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ဆောင်ပုဒ်အနေနှင့်မူ ''ဆီးချိုသွေးချို ကာကွယ်ဖို့ ဝိုင်းဝန်းဆောင်ရွက်စို့''ဟူ၍ သတ်မှတ်ခဲ့သည်။

၂၀၀၈ ခုနှစ်အတွက် ဆောင်ပုဒ်အနေဖြင့် ''ဆီးချိုရောဂါ ကာကွယ်မှု ငယ်စဉ်ကပင် သတိပြု''ဟူ၍ ရွေးချယ်သတ်မှတ်ခဲ့သည်။

၂၀၀၉မှ ၂၀၁၃ ခုနှစ်များအတွက်မှာမူ ဆီးချိုသွေးချိုရောဂါအကြောင်း နားလည်လာခြင်းဖြင့် ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါများကို ကာကွယ်ထိန်းသိမ်းထားနိုင်ခြင်းလုပ်ငန်းများအား ဦးစားပေး၍ ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြသည်။ ယခုနှစ်အတွက်ဆောင်ပုဒ်အနေဖြင့် ''ဆီးချိုသွေးချို သဘာဝ၊ သိရှိနားလည်ကာကွယ်ကြ'' "Understand Diabetes and take control" ဟု သတ်မှတ်ထားပါသည်။

ဆီးချိုသွေးချိုရောဂါရှိသူများအတွက် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် အသိပညာပေး၍ ဆီးချိုသွေးချိုရောဂါမရှိသူများနှင့် ဖြစ်နိုင်ခြေရှိသူများကိုလည်း ရောဂါအကြောင်း အသိပညာပေးပြီး ထိထိရောက်ရောက်ကာကွယ်မှုရရှိစေနိုင်ရန် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ထိရောက်သည့် ကျန်းမာရေးအသိပညာများကို ပြည်သူလူထုအတွင်း ပျံ့နှံ့အောင်ကြိုးပမ်းကြရန်၊ ပြည်သူလူထုအနေဖြင့်လည်း ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိနားလည်နိုင်စေရန် ဆီးချိုသွေးချိုရောဂါကို မဖြစ်စေရန် မည်ကဲ့သို့ကာကွယ်ရမည်၊ ဖြစ်ပွားနေသူများတွင်လည်း နောက်ဆက်တွဲဆိုးကျိုးများကို မည်ကဲ့သို့ကာကွယ်မည် စသည်တို့ကို အသိပညာပေးရန် ရည်ရွယ်ပါသည်။

**ပါမောက္ခဒေါက်တာတင့်ဆွေလတ်**
**စီမံချက်မန်နေဂျာ**
**ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်**

ယခုအခါ ကမ္ဘာပေါ်မှာ သန်းပေါင်း ၂၄၆သန်းသော သူတို့သည် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေကြသည်။ ဤရောဂါအား စုပေါင်းညီညာစွာ ကာကွယ်ထိန်းသိမ်းခြင်း မပြုနိုင်ခဲ့ပါလျှင် နောင်အနှစ် (၂၀)အတွင်းမှာပင် လူပေါင်း သန်း ၃၈၀အထိ တိုးပွားဖြစ်ပေါ်လာတော့မည်ဖြစ်သည်။

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ- သွေးအတွင်း အချိုဓာတ်များ များပြားနေသော နာတာရှည်ရောဂါတစ်ခု ဖြစ်သည်။ ဤရောဂါဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ- ဝမ်းဗိုက်အတွင်းရှိ ပန်ကရိယခေါ် အကျိတ်မှ အင်ဆူလင်ဟော်မုန်းဓာတ်ကို လုံလောက်စွာ ထုတ်မပေးနိုင်၍ဖြစ်စေ၊ ခန္ဓာကိုယ်မှ အင်ဆူလင်ဟော်မုန်းဓာတ်ကို အကျိုးရှိထိရောက်စွာ အသုံးမချနိုင်၍ဖြစ်စေ ဖြစ်ပေါ်လာရသော ရောဂါတစ်ခုဖြစ်ပါသည်။ အင်ဆူလင်ဟော်မုန်းဓာတ်သည် ခန္ဓာကိုယ်၏ ကလာပ်စည်းများအတွင်းသို့ ဂလူးကို့စ်ခေါ် အချိုဓာတ်ကို ဝင်နိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကလာပ်စည်းများက စွမ်းအင်ဓာတ်အဖြစ် အသုံးချနိုင်အောင် ဆောင်ရွက်ပေးသည်။ ခန္ဓာကိုယ်အတွင်း အင်ဆူလင် ဟော်မုန်းဓာတ် ထုတ်လုပ်မှု မလုံလောက်၍ဖြစ်စေ၊ အင်ဆူလင်၏ အာနိသင် အပြည့်အဝ မရရှိနိုင်သည့်အခါတွင်ဖြစ်စေ သွေးအတွင်းအချိုဓာတ်များ များပြားလာရသည်။ နောက်ဆက်တွဲအနေဖြင့် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို ရေရှည်တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာစေနိုင်သည်။

အဓိကအားဖြင့် ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၁)နှင့် အမျိုးအစား (၂)ဟူ၍ ရှိပါသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်စဉ်မှ ပထမဆုံးဖြစ်ပေါ်လာသော ဆီးချိုသွေးချိုရောဂါနှင့် အခြားရှားပါးသော ဆီးချိုသွေးချိုရောဂါ အမျိုးအစားများလည်း ရှိနေနိုင်ပါသေးသည်။

အသက်အရွယ်မရွေး အန္တရာယ်ဖြစ်နိုင်အောင် ခြိမ်းခြောက်နေသော ဆီးချိုသွေးချိုရောဂါကို ဆောလျင်စွာသိရှိ၍ အချိန်မီကုသနိုင်ရေးအတွက် သတိပေး ရောဂါလက္ခဏာများကို သတိမူမိကြစေရန် လွန်စွာအရေးကြီးပါသည်။

သတိပေးနေသော ရောဂါလက္ခဏာများမှာ- ဆီးမကြာခဏသွားခြင်း၊ ရေငတ်လွန်ခြင်း၊ ဆာလောင်မွတ်သိပ်နေခြင်း၊ ပိန်သွားခြင်း၊နုံးချည့်နေခြင်း၊ ပတ်ဝန်းကျင်အား စိတ်ဝင်စားမှု မရှိခြင်း၊ စိတ်အာရုံစူးစိုက်မှု မရှိခြင်း၊ အန်ခြင်း၊ဗိုက်နာခြင်း၊ ခြေလက်များထုံခြင်း၊ ကျဉ်ခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ အနာများ မကြာခဏပေါက်ခြင်းနှင့် အနာကျက်နှေးခြင်းများ ဖြစ်ကြသည်။

၎င်းရောဂါလက္ခဏာများသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါရှိသူများတွင် သိသာ ထင်ရှားခြင်းမရှိဘဲလည်း ရောဂါဖြစ်နေနိုင်ကြသည်။

အမျိုးအစား(၁)နှင့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါနှစ်ခုအနက် ကမ္ဘာနှင့်အဝန်းတွင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါကအများဆုံးဖြစ်ပြီး ဆီးချိုသွေးချိုရောဂါရှင်အားလုံး၏ ၉၅ရာခိုင်နှုန်းအထိ ဖြစ်နေနိုင်သည်။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများစေသောအချက်များမှာ-အဝလွန်ကဲခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မပြုလုပ်ခြင်း၊ သွေးချိုရောဂါ ကနဦးအဆင့်ရောဂါသတ်မှတ်ခံထားသူများ၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများစားသုံးခြင်း၊ အသက်အရွယ်ကြီးရင့်လာခြင်း၊ သွေးတိုးရောဂါ၊ သွေးတွင်းအဆီများသည့်ရောဂါရှိသူများ၊ ဆီးချိုသွေးချိုရောဂါ မျိုးရိုးရှိခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါဖြစ်ခဲ့ဖူးခြင်းများ ဖြစ်ကြသည်။

ယင်းအကြောင်းအချက်များမှာ သာမန်ထက်ပို၍ ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေများသူများကို ဖော်ပြထားခြင်းသာဖြစ်သည်။ သာမန်အားဖြင့် အသက် ၄၀ကျော်လာသူတိုင်း ဆီးချိုသွေးချိုရောဂါဖြစ်နိုင်သဖြင့် လူတိုင်းသည် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေရှိသည်။ ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆင့်ပွားရောဂါအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်ဟုယူဆကာ ဆီးချိုသွေးချိုရောဂါကို ကြိုတင်ကာကွယ်သင့်ကြသည်။

ဆီးချိုသွေးချိုရောဂါ ကာကွယ်ရန်မှာ-

(၁) ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစားအစာများကို ချင့်ချိန်၍ စားသုံးကြရန်၊
(၂) အဝမလွန်အောင် စောင့်ကြည့်ထိန်းသိမ်းကြရန်၊
(၃) ရေဆာလျှင် အချိုရည်များဖြင့် ရေငတ်မပြေဘဲ ရေသောက်ခြင်းဖြင့်သာ ရေငတ်ပြေရန်၊
(၄) အမျှင်ဓာတ်များသော ဟင်းသီးဟင်းရွက်များ များများစားသုံးရန်၊
(၅) တိရစ္ဆာန်မှရသော အဆီများကဲ့သို့သော ပြည့်ဝဆီများကိုလျှော့၍စားသုံးရန်၊
(၆) နေ့စဉ်လှုပ်ရှားမှုများများဖြင့် နေထိုင်ဆောင်ရွက်ကြရန်၊
(၇) ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်ကြရန်နှင့်
(၈) စိတ်ဖိစီးမှုများကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် ကျင့်ကြံနေထိုင်ကြရန်တို့ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ပြီး ဆီးချိုသွေးချိုရောဂါကြောင့် အသက်ဆုံးရှုံးရခြင်း၊ လူစဉ်မမီဖြစ်ရခြင်းများ လျော့နည်းကျဆင်းသွားစေရန် ကျန်းမာရေး စောင့်ရှောက်သူများအားလုံး၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာမူဝါဒများ ချမှတ်သူများအားလုံး၊ ဆီးချိုသွေးချိုရောဂါရှင်များနှင့် ၎င်းတို့၏ မိသားစုများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်သည်။

ကမ္ဘာသူ၊ ကမ္ဘာသားများအား ခြိမ်းခြောက်နေသော ဆီးချိုသွေးချိုရောဂါအား ကဏ္ဍာစုံ၊ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

**ဆီးချိုသွေးချိုရောဂါကြောင့် အသက်ဆုံးရှုံးရခြင်း၊ လူစဉ်မမီဖြစ်ရခြင်းများ လျော့နည်းကျဆင်းသွားစေရန် ကျန်းမာရေး စောင့်ရှောက်သူများအားလုံး၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာမူဝါဒများ ချမှတ်သူများအားလုံး၊ ဆီးချို သွေးချိုရောဂါရှင်များနှင့် ၎င်းတို့၏ မိသားစုများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်။**

## မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

### အားမာန်စက်ချုပ်သမဝါယမ နှစ်ပတ်လည်စည်းဝေး

*ကောလင်းမြို့ အားမာန်စက်ချုပ်သမဝါယမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၂၅ရက်က မြို့နယ် ဝါဝါဝင်း သမဝါယမ အသင်းလီမိတက် ခန်းမဆောင်၌ ကျင်းပရာ အားမာန်စက်ချုပ် သမဝါယမအသင်း ဒါရိုက်တာဥက္ကဋ္ဌ ဦးမောင်မြင့်က အသင်း၏အခြေအနေကို ရှင်းလင်းပြောကြားသည်။* (၀၃၂)

### စာအုပ်စာစောင်တိုးပွားရေး မိုးမောက်၌ဆောင်ရွက်

*ကချင်ပြည်နယ် မိုးမောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၀ရက်က ဝဝမ်၊ ကျခန်းဒတ်၊ ရွယ်ကထောင်၊ မင်းကျမ်းကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးအတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များတိုးပွားရေး၊ နှစ်လုံးပေါက်အလှူရှင်ရရှိရေးတို့ကို ကွင်းဆင်းစည်းရုံးဆောင်ရွက်သည်။* **(မြို့နယ် ပြန်/ဆက်)**

### ဖလမ်း၌ အုတ်ရေမြောင်းတည်ဆောက်

***ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စည်ပင်သာယာဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးလေးတို့ ကွင်းဆင်းဆောင်ရွက်ကြသည်။*** *(ခရိုင် ပြန်/ဆက်)*

### ရမည်းသင်း၌ ယာဉ်စည်းကမ်းပညာပေး ဆိုင်းဘုတ်စိုက်ထူ

*ရမည်းသင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ ဦးဆောင်မှုဖြင့် ယာဉ်ထိခိုက်မှုမဖြစ်ပွားရေး၊ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ရန်ကုန်-မန္တလေးကားလမ်း ဝဲယာနှင့် လူစည်ကားရာ နေရာများတွင် အသိပညာပေးဆိုင်းဘုတ်များကို နိုဝင်ဘာ ၉ရက် နံနက်က လိုက်လံစိုက်ထူကြသည်။* **(၁၆၉)**

### နွားထိုးကြီးမြို့ ဈေးသာယာလှပရေး ဆောင်ရွက်

***နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းတို့သည် အောက်တိုဘာ ၂၄ရက်က နွားထိုးကြီးမြို့နယ် စည်ပင်ဈေးကြီးအတွင်း လူသွားစင်္ကြံများနှင့် ဈေးတွင်းလမ်းများအား အုတ်ကွန်ကရစ်ခင်းရန် ပြင်ဆင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။*** *(၀၉၂)*

### ခန္တီး၌ စာစီစာကုံးပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

*ခန္တီး အထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော် အကြီးအကဲထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်းက ဖတ်ကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။* **(ခရိုင် ပြန်/ဆက်)**

### အထက(၁) ကန့်ဘလူ ပညာရည်ချွန်ဆုချီးမြှင့်

***ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် ညနေ ၃နာရီက ကန့်ဘလူမြို့ အထက(၁) ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။*** *(၀၂၇)*

### ဟားခါး၌ အလုပ်သမားရေးရာကိစ္စများ ဆွေးနွေး

*အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးပွဲကို ချင်းပြည်နယ် ထန်တလန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၂ရက်က ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးငွေအောင်က ပြည်တွင်းပြည်ပအလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။* **(ပြည်နယ် ပြန်/ဆက်)**

### မိုးကောင်း၌ စာကြည့်တိုက်ဆောက်လုပ်ရန် ဆွေးနွေး

***ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ငိုင်းနှင့် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းတို့သည် နိုဝင်ဘာ ၉ရက် မွန်းလွဲ ၂နာရီခွဲက မိုးကောင်းမြို့နယ် မြတောင်ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေ ကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် မြေနေရာရွေးချယ်သတ်မှတ်ရန် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မောင်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးသည်။*** *(မြို့နယ် ပြန်/ဆက်)*

### မကွေး၌ ကာယဗလမောင်နှင့် အလှမယ်ပြိုင်

*၂၀၀၉ခုနှစ် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ငါးခရိုင် ကာယဗလမောင်နှင့် ၂၅ မြို့နယ် ကာယအလှမယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက် ည ၇နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းကာယဗလမောင်အဖြစ် ပထမ မောင်မျိုး(ဂန့်ဂေါခရိုင်)၊ ဒုတိယ သံမဏိ (မကွေးခရိုင်)နှင့် တတိယ တင်မျိုးအောင်(မကွေးခရိုင်)တို့က ရရှိကြပြီး မကွေးတိုင်း ကာယအလှမယ်အဖြစ် ပထမ မသီရိကျော်မြိုင်(စလင်း)၊ ဒုတိယ မဖြူဖြူသိန်း(မင်းလှ)နှင့် တတိယ မနွယ်နီဝင်း(မကွေး)တို့ ရရှိကြကာ မကွေးတိုင်း ငါးခရိုင် ကာယဗလမောင်နှင့် ၂၅ မြို့နယ် ကာယအလှမယ်ပြိုင်ပွဲ တံခွန်စိုက်ဆုကို မကွေးခရိုင်က ဆွတ်ခူးရရှိသည်။* **(၀၇၂)**

**မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း**

# စပါးတို့ အိမ်ကွင်း၌ဂိုးမိုးရွာ ဒီဖိုးတစ်ဦးတည်း ငါးဂိုးသွင်းယူ

**လန်ဒန် နိုဝင်ဘာ ၂၂**

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို ယမန်နေ့ ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိ ချန်ပီယံမန်ယူက အိမ်ကွင်း၌ အဲဗာတန် အသင်းအား သုံးဂိုးပြတ်ဖြင့်နိုင်လိုက်၍ ပြိုင်ဘက်ချယ်လ်ဆီးအတွက် ဖိအားဖြစ်စေခဲ့သည်။

အထူးသဖြင့် ယင်းပွဲတွင် ဖလက်ချာ၊ အီဗရာ၊ ကာရစ်၊ ဗလင်စီယာတို့ ခြေပေါ်အောင်ကစားခဲ့ကြ၍ မန်ယူ၏ ဖလားကာကွယ်ရေးအတွက် ခြေမှန်အနေအထားသို့ ပြသနိုင်ခဲ့သည်။ ပွဲချိန် ၃၄မိနစ်တွင် ဖလက်ချာက ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူ၏ကစားကွက် ပိုကောင်းလာသည်။ ပွဲချိန် ၆၇မိနစ်တွင် ရိုင်ယန်ဂစ်၏ ထောင့်ကန်ဘောမှတစ်ဆင့် မိုက်ကယ်ကာရစ် ဂိုးဧရိယာ အပြင်ဘက်မှ လှလှပပသွင်းယူခဲ့ပြန်သည်။ မန်ယူ၏ တတိယမြောက်အနိုင်ဂိုးကို ဗလင်စီယာက ပွဲပြီးရန် ၁၅မိနစ်အလိုတွင် သွင်းယူခဲ့သည်။

**ဘလက်ဘန်းဂိုးသွင်း**

ပရီမီယာလိဂ်ပွဲစဉ်(၁၃) လက်ကျန်ပွဲအဖြစ် နိုဝင်ဘာ ၂၂ရက်၌ ဘလက်ဘန်းအသင်းက ဘော်လ်တန်ကွင်းသို့ သွားရောက်ကစားရာ ပွဲချိန် ၃၁မိနစ်တွင် ဂျိုဟန်အီဗန်ဒါအား စတီဗင်ဖွန်ဇီ ကြမ်းတမ်းစွာကစား၍ ပြစ်ဒဏ်ဘောရရာ ဘော်လ်တန်ကစားသမား မက်သရူးတေလာ ပြစ်ဒဏ်ဘောကန်ခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို ဘလက်ဘန်းမှနယ်လ်ဆင် ဖြတ်တားကန်တင်ပေးခဲ့ရာ ဒေးဗစ်ဒန်း ဘောလုံးရသွားပြီး ပြေးဆွဲကန်သွင်းလိုက်၍ ဘလက်ဘန်းတို့ အဖွင့်ဂိုး ရရှိခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် ဂျေလွိုက်ဆမ်မြူရယ်၏ ထောင့်ကန်ဘောမှ ရစ်ကက်က ကိုယ့်ဂိုးကိုယ် ခေါင်းတိုက်သွင်းမိခဲ့သဖြင့် ဘလက်ဘန်းတို့ ဒုတိယမြောက်ဂိုးရပြီး ပွဲသိမ်းခဲ့သည်။

**စပါးဂိုးမိုးရွာ**

စပါးနှင့် ဝီဂန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် စပါးက အိမ်ကွင်း၌ ဂိုးမိုးရွာခဲ့သည်။ စပါး၏ အဖွင့်ဂိုးကို တိုက်စစ်မှူး ပီတာခရောက်ချ်က ဟတ်ဒယ်စတုန်း၏ တည်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပါးအသင်းအတွက် ဒီဖိုးက ထူးထူးခြားခြား ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးများကြောင့် ဒီဖိုးသည် ပရီမီယာလိဂ်တွင် ဂိုးအများဆုံး သွင်းယူသူဖြစ်လာသည်။ စပါးအသင်းအတွက် ဂိုးများကို လင်နွန်၊ ဘန်တလေ၊ ခရမ်ကာတို့ကလည်း တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့၍ ပွဲအပြီး ကိုးဂိုး-တစ်ဂိုးဖြင့် ပွဲသိမ်းခဲ့သည်။ ဝီဂန်အတွက် တစ်လုံးတည်းသောနှစ်သိမ့်ဂိုးကို ပေါလ်ချာနာက သွင်းယူခဲ့သည်။ (အင်တာနက်)

**သွင်းယူ**

စပါးအသင်း အတွက် အဖွင့် ဂိုးကို တိုက် စစ်မှူး ပီတာ ခရောက်ချ်က ဤသို့ ခေါင်း တိုက် သွင်းယူ ခဲ့သည်။

## ပရီမီယာလိဂ်ဂိုးအများဆုံးသွင်းထားသူများ

လန်ဒန် နိုဝင်ဘာ ၂၂

| | |
|---|---|
| ဒီဖိုး (စပါး) | ၁၁ ဂိုး |
| တောရက်စ် (လီဗာပူး) | ၁၀ ဂိုး |
| ဒရော့ဘာ (ချယ်လ်ဆီး) | ၉ ဂိုး |
| ဒါရင်ဘင့် (ဆန်းဒါးလန်း) | ၈ ဂိုး |
| ရွန်နေ (မန်ယူ) | ၇ ဂိုး |

## ပွဲစဉ်(၁၃)အပြီး ပရီမီယာလိဂ်အသင်းများရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ချယ်လ်ဆီး | ၁၃ | ၁၁ | - | ၂ | ၃၃ |
| ၂။ | မန်ယူ | ၁၃ | ၉ | ၁ | ၃ | ၂၈ |
| ၃။ | အာဆင်နယ် | ၁၂ | ၈ | ၁ | ၃ | ၂၅ |
| ၄။ | စပါး | ၁၃ | ၈ | ၁ | ၄ | ၂၅ |
| ၅။ | အက်စ်တွန်ဗီလာ | ၁၃ | ၆ | ၄ | ၃ | ၂၂ |
| ၆။ | မန်စီးတီး | ၁၂ | ၅ | ၆ | ၁ | ၂၁ |
| ၇။ | လီဗာပူး | ၁၃ | ၆ | ၂ | ၅ | ၂၀ |
| ၈။ | ဆန်းဒါးလန်း | ၁၃ | ၆ | ၂ | ၅ | ၂၀ |
| ၉။ | ဘန်လေ | ၁၃ | ၅ | ၂ | ၆ | ၁၇ |
| ၁၀။ | စတုတ်စီးတီး | ၁၂ | ၄ | ၄ | ၄ | ၁၆ |
| ၁၁။ | ဘလက်ဘန်း | ၁၂ | ၅ | ၁ | ၆ | ၁၆ |
| ၁၂။ | ဖူလ်ဟမ် | ၁၂ | ၄ | ၃ | ၅ | ၁၅ |
| ၁၃။ | ဘာမင်ဂမ် | ၁၃ | ၄ | ၃ | ၆ | ၁၅ |
| ၁၄။ | အဲဗာတန် | ၁၂ | ၄ | ၃ | ၅ | ၁၅ |
| ၁၅။ | ဝီဂန် | ၁၂ | ၄ | ၂ | ၆ | ၁၄ |
| ၁၆။ | ဟူးလ်စီးတီး | ၁၃ | ၃ | ၃ | ၇ | ၁၂ |
| ၁၇။ | ဝက်စ်ဟမ်း | ၁၃ | ၂ | ၅ | ၆ | ၁၁ |
| ၁၈။ | ဘော်လ်တန် | ၁၁ | ၃ | ၂ | ၆ | ၁၁ |
| ၁၉။ | ဝူလ်ဗာဟမ်တန် | ၁၃ | ၂ | ၄ | ၇ | ၁၀ |
| ၂၀။ | ပို့စ်မောက် | ၁၂ | ၂ | ၁ | ၉ | ၇ |

**မြင့်မောင်စိုး - စုစည်းရေးသားသည်**

# ရီရဲလ်နဲ့ အေစီမီလန်တို့ နိုင်ပွဲတွေ့ပြီး ချယ်လ်ဆီးနဲ့ ပေါ်တို တစ်မှတ်စီယူသွားမှာလား

လေ့လာသုံးသပ်ရေးသားသူ - ထွန်းထွန်းဦး(လှိုင်)

စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

**ချန်ပီယံလိဂ်ပွဲစဉ်(၅) ၂၆-၁၁-၂၀၀၉၊ နံနက် ၂း၁၅ နာရီ**

**နေပြည်တော် နိုဝင်ဘာ ၂၂**

ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၅) ဒုတိယနေ့မှာလည်း အသင်းတိုင်းဟာ အကြိတ်အနယ်နဲ့ ကစားကြရဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ နောက်တစ်ဆင့် ရောက်ဖို့အတွက် အရေးပါနေတဲ့ကာလကို ရောက်နေပြီဖြစ်တာကြောင့်ပါ။ ဒီတော့ ပွဲစဉ်(၅)မှာ ဘာတွေဘယ်လိုဆက်ဖြစ်ကြမလဲဆိုတာ စောင့်ကြည့်ရမယ်။ အထူးသဖြင့် ပေါ်တို - ချယ်လ်ဆီးပွဲရယ်၊ ဘော်ဒိုး-ဂျူဗင်းတပ်စ်တို့ပွဲပါပဲ။ ဒီပွဲတွေအပြင် ဘိုင်ယန်မြူးနစ်ရဲ့ ရှန်းအားနဲ့ ရီးရဲလ်ရဲ့ ထိုးစစ်အား ဘယ်လောက်ထိရှိမလဲဆိုတာ ခန့်မှန်း သုံးသပ်ရမှာဖြစ်တယ်။

**အုပ်စု(က)**

**ဘော်ဒိုး - ဂျူဗင်းတပ်စ်**

ပထမအကျော့မှာ ဂျူဗင်းတပ်စ်က ဘော်ဒိုးကို ၁-၁ နဲ့ သရေကစားထားတာကြောင့် ဒီတစ်ခါမှာတော့ အိမ်ရှင်ဘော်ဒိုးက ပြန်ပြီးအခွင့်အရေးယူကာ ဥ‌ေ့သည်အသင်းကို အနိုင်ရအောင် ကစားတော့မှာပါ။ ဘော်ဒိုးဟာ အမှတ်ပေးဇယားမှာ ထိပ်ဆုံးရောက်နေသလို နောက်တစ်ဆင့်လည်း တက်သွားပြီ။ ဒါပေမယ့် သိက္ခာအရ ဂျူဗင်းတပ်စ်ကို အိမ်ကွင်းမှာ အနိမ့်ဆုံး မရှုံးရအောင် ကစားမှာဖြစ်တယ်။ ဂျူဗင်းတပ်စ်ဟာ နောက်ကကပ်လိုက်နေတဲ့ ဘိုင်ယန်ကို နောက်ကောက်ချထားဖို့ ရှိနေသေးလို့ အမော်ရီ၊ ဒယ်လ်ပီယာရို၊ မယ်လိုစတဲ့ ကစားသမားတွေရဲ့ အစွမ်းနဲ့ အဝေးကွင်းမှာ အသင်းကြီးပီပီ ဖိအားပေးမှာပါ။ ဒီတော့ နှစ်သင်းစလုံးဟာ ရည်ရွယ်ချက်ကိုယ်စီနဲ့ ကစားရမယ့်ပွဲမို့ ကြည့်ကောင်းဖို့ရှိနေမှာ သေချာသလို အပြန်အလှန် ဂိုးတွေသွင်းကြဖို့ ရှိတယ်။ ဖြစ်နိုင်ခြေများတာကတော့ အခုပွဲဟာ တစ်ဂိုးစီနဲ့ သရေကျသွားမယ့်ပွဲပါပဲ။

**ဘိုင်ယန်မြူးနစ်-မက္ကာဘီဟိုင်ဖာ**

မက္ကာဘီဟိုင်ဖာကို ဘိုင်ယန်ဟာ ပထမအကျော့မှာ အနိုင်ယူကစားခဲ့ပြီးပြီ။ ဒါပေမယ့် ပြီးခဲ့တဲ့ပွဲမှာ ဘော်ဒိုးကို အိမ်ကွင်းမှာ ကစားရတာတောင် ၂-၀ နဲ့ ရှုံးထားရတာကြောင့် ဇယားမှာရပ်တည်မှုက ကမောက်ကမ ဖြစ်သွားခဲ့တယ်။ ဒါကြောင့် နောက်ဆုံးလက်ကျန်ပွဲတွေမှာ အသာရပါမှ အဆင်ပြေတော့မှာပါ။

ရီရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ကာကာ။

ဒါကြောင့် ဘိုင်ယန်ဟာ မျှော်လင့်စရာ လက်ကျန်ပွဲမှာ မဖြစ်မနေ အနိုင်ရအောင် ကစားရပါပြီ။ ကြားမှာ ကစားသမားတွေဟာ ခြေစမ်းပွဲတွေ၊ ထပ်ဆင့်ခြေစစ်ပွဲတွေ ကစားထားရလို့ ပွဲပန်းတဲ့ဒဏ် ခံစားရနိုင်ပေမယ့် ဘိုင်ယန်အတွက်က သေရေးရှင်ရေးကာလကို ကျော်ဖြတ်ရဖို့ ဖြစ်လာတာကြောင့် တူရကီကလပ် မက္ကာဘီဟိုင်ဖာကို ဖောင်ဖျက်ကစားရပါပြီ။ ဒါကြောင့် အိမ်ရှင်ဘက်ကအလေးသာပါတယ်။

**အုပ်စု(ခ)**

**စီအက်စ်ကေအေမော်စကို-ဝုလ်ဖ်ဘတ်**

အိမ်ရှင်ဖြစ်တဲ့ ရုရှားကလပ် စီအက်စ်ကေအေမော်စကိုကတော့ နောက်တစ်ဆင့် ရောက်ဖို့ မျှော်လင့်ချက်ကို အသက်ဝင်စေဖို့ ခြေကုန်ထုတ်ပြီး ပြိုင်ဘက်ဂျာမနီကလပ် ဝုလ်ဖ်ဘတ်ကို အနိုင်ယူပြဖို့ ရှိနေပါတယ်။ မန်ယူနဲ့ပွဲကလို ကစားအားကို ထိန်းထားနိုင်မယ်ဆိုရင် ဝုလ်ဖ်ဘတ်ကို အနိုင်ယူဖို့ မခက်နိုင်လောက်ပါဘူး။ အိမ်ရှင်မှာ ဆမ်ဘာရက်စ် မပါပေမယ့် ကရာဆစ်၊ နက်ဆစ်၊ အယ်လ်ဒိုနင်နဲ့ ကာဗယ်လ်ဟိုတို့လို ကစားသမားကောင်းတွေရှိနေတော့ အခုပွဲမှာ မရမကဖိအားပေးပြီး ဥ‌ေ့သည်ကို အနိုင်ရအောင် ကစားမှာပါ။ ဝုလ်ဖ်ဘတ်ကတော့ အဝေးကွင်းမှာ ခြေပန်းနေတဲ့ ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ရင် ပထမအကျော့ကလို အသာရအောင် ကစားပြဖို့ ခက်သွားပြီ။ ဒါကြောင့် အိမ်ကွင်းအားသာချက်ရလေ့ရှိတဲ့ ရုရှားကလပ်တွေရဲ့ အစဉ်အလာကို ယုံစားလိုက်ကြရအောင်ပါ။

မန်ယူအသင်း၏ တိုက်စစ်မှူး ရွန်နေ။

**မန်ယူ-ဘက်ရှီးတပ်**

မန်ယူကတော့ နောက်တစ်ဆင့်ကို တက်သွားခဲ့ပါပြီ။ ဒါပေမယ့်လည်း အုပ်စုဗိုလ်နေရာကနေ ဖယ်မပေးချင်တဲ့စိတ်ဓာတ်ကြောင့်ရယ်၊ အိမ်ကွင်းမှာထပ်ပြီး မျက်နှာမပျက်ချင်တာကြောင့်ရယ် တူရကီကလပ် ဘက်ရှီးတပ်ကို အနိုင်ကစားဖို့ ဖာဂူဆန်က လုပ်ပြပါလိမ့်မယ်။ မန်ယူမှာ ကစားသမားတချို့ ပွဲပန်းနေပေမယ့် ဘက်ရှီးတပ်ကို အနိုင်ယူပြီး ပရိသတ်ရဲ့ ဂိုးရနည်းမှုအပေါ် မကျေနပ်ချက်တွေကို ချေဖျက်ရတော့မှာပါ။ ဒီပွဲမှာ မန်ယူရဲ့ အနိုင်ရမှုဟာ ဂိုးပြတ်နိုင်ခြေ ရှိပါတယ်။

**အုပ်စု(ဂ)**

**ရီရဲလ်မက်ဒရစ်-ဇူးရစ်**

ပထမအကျော့မှာတောင် ရီရဲလ်က ဂိုးပြတ်နဲ့ အနိုင်ရထားခဲ့တော့ အခုပွဲမှာလည်း ရီရဲလ်ဘက်က ယုံကြည်ပေးနိုင်မယ့် ပရိသတ်တွေက များနေမှာသေချာတယ်။ ရီရဲလ်ရဲ့သွင်းဂိုးတွေကလည်း မြင့်တက်ဖို့ ရှိမှာပါ။ အယ်လ်ကောကွန်းနဲ့ပွဲမှာ ရလိုက်တဲ့ သင်ခန်းစာကြောင့် ရီရဲလ်ရဲ့ ပြောင်းလဲမှုတွေက အခုပွဲမှာ ရိုက်ခတ်မှုပိုလာနိုင်ပါတယ်။ လူပြန်စုံပြီဆိုတော့ သေချာပေါက် ရီရဲလ်ရဲ့အနိုင်ဟာ ဂိုးပြတ်ဖို့များသွားပြီ။ ရီရဲလ်ဟာ ဇူးရစ်ကို သုံးဂိုးပြတ်လောက် အနိမ့်ဆုံးနိုင်ခြေရှိပါတယ်။

**အေစီမီလန်-မာဆေး**

မီလန်ဟာ ခြေပြန်တက်လာတာကြောင့် မာဆေးအနေနဲ့ သတိထားရပါလိမ့်မယ်။ မီလန်ဟာ နည်းပြအပေါ်မှာ ယုံကြည်မှုရှိလာသလို ကစားသမားတွေလည်း ခြေပြန်တွေ့နေပါတယ်။ နောက်တစ်ချက်က ရော်နယ်ဒင်ဟိုပါ။ ဒီကစားသမားဟာ ခြေမှန်ပြန်ရစပြုလာသလို အားစိုက်ပြီး ရှန်းကန်နေတယ်။ ဒါကြောင့် မာဆေးအနေနဲ့ မီလန်အပေါ်မှာ ခံကစားပြဖို့တောင် မလွယ်နိုင်တော့ပါဘူး။ မီလန်ရဲ့ အနိုင်ဟာ ၂-၀ လောက်ရှိပါတယ်။

**အုပ်စု(ဃ)**

**ပေါ်တို - ချယ်လ်ဆီး**

နှစ်သင်းစလုံးက နောက်တစ်ဆင့်ကို ရောက်သွားပါပြီ။ ဒါပေမယ့် သိက္ခာ

ချယ်လ်ဆီး အသင်းအတွက် ဂိုးများ သွင်းယူပေးနေသော တိုက်စစ်မှူး ဒရော့ဘာ။

အတွက် ကစားကြမှာဆိုတော့ ပွဲက အကြိတ်အနယ်နဲ့ ကြည့်ကောင်းဖို့ရှိနေသေးတယ်။ ပထမအကျော့မှာ ချယ်လ်ဆီးကို အရေးနိမ့်ထားတဲ့အတွက် အိမ်ကွင်းမှာ ပြန်ပြီး အားထည့်ကစားမှာ ဖြစ်လို့ပါ။ ချယ်လ်ဆီးကတော့ ခံစစ်အားပြုပြီး ဒရော့ဂ်ဘာ၊ အနယ်လ်ကာတို့လို ကစားသမားတွေရဲ့ တန်ပြန်တိုက်စစ်အစွမ်းနဲ့ ကစားသွားမှာပါ။ အပြန်အလှန်ထိုးစစ်ဆင်ရင်း နောက်ဆုံးမှာ တစ်ဂိုးစီသရေလောက်နဲ့ ပွဲပြီးဖို့များတဲ့ပွဲလို့သာ ဆိုချင်ပါတယ်။

ဘရာဇီးသားပီပီ ဂိုးသွင်းခြေထက်မြက်သော အေစီမီလန် တိုက်စစ်မှူး ပါတို။

**နီကိုးရှား-အက်သလက်တီကို**

ဆိုက်ပရပ်စ်ကလပ် နီကိုးရှားကတော့ ခုအထိနိုင်ပွဲမရှိသေးပေမယ့် ကစားအားကောင်းကောင်းနဲ့ တစ်ဖက်အသင်းကို အိမ်ကွင်းမှာ ဖိအားပေးတတ်ပါတယ်။ ဒါကြောင့် အက်သလက်တီကိုဟာ လွယ်လွယ်နဲ့တော့ အဝေးကွင်းမှာ အနိုင်ရအောင်ကစားဖို့ ခက်နေမှာပါ။ အဂွေရို၊ ဖော်လန်တို့ကလည်း နည်းပြသစ်လော်ရက်စ်လက်ထဲမှာ အသားသိပ်မကျသေးတော့ ထင်သလောက် ထိုးဖောက်မှုအားကောင်းကောင်းနဲ့ ကစားနိုင်ဖို့ ခက်မယ်ထင်တယ်။ ဒါကြောင့် အခုပွဲမှာ အက်သလက်တီကိုဟာ အိမ်ရှင်ကို အမြင့်ဆုံးသရေပဲ ကစားနိုင်ဖို့ ရှိနေပါတယ်။ ။

**အုပ်စု(က)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဘော်ဒိုး | ၄ | ၃ | ၁ | ၀ | ၁၀ |
| ဂျူဗင်းတပ်စ် | ၄ | ၂ | ၂ | ၀ | ၈ |
| ဘိုင်ယန်မြူးနစ် | ၄ | ၁ | ၁ | ၂ | ၄ |
| ဟိုင်ဖာ | ၄ | ၀ | ၀ | ၄ | ၀ |

**အုပ်စု(ခ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| မန်ယူ | ၄ | ၃ | ၁ | ၀ | ၁၀ |
| ဝုလ်ဖ်ဘတ် | ၄ | ၂ | ၁ | ၁ | ၇ |
| စီအက်စ်ကေအေ | ၄ | ၁ | ၁ | ၂ | ၄ |
| ဘက်ရှီးတပ် | ၄ | ၀ | ၁ | ၃ | ၁ |

**အုပ်စု(ဂ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အေစီမီလန် | ၄ | ၂ | ၁ | ၁ | ၇ |
| ရီရဲလ်မက်ဒရစ် | ၄ | ၂ | ၁ | ၁ | ၇ |
| မာဆေး | ၄ | ၂ | ၀ | ၂ | ၆ |
| ဇူးရစ် | ၄ | ၁ | ၀ | ၃ | ၃ |

**အုပ်စု(ဃ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၄ | ၃ | ၁ | ၀ | ၁၀ |
| ပေါ်တို | ၄ | ၃ | ၀ | ၁ | ၉ |
| အက်သလက်တီကို | ၄ | ၀ | ၂ | ၂ | ၂ |
| နီကိုးရှား | ၄ | ၀ | ၁ | ၃ | ၁ |

## ပန်းအလှပင်များစိုက်ပျိုး

အောက်တိုဘာ ၁၆ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့အဝင်မုခ်ဦး၌ ပန်းအလှပင်များအား အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းအကွက်ချစိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၂၂

(၂၉)ကြိမ်မြောက် ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပရန်စီစဉ်ပေးသည်။ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၀၉ တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်း မူရင်းများနှင့်အတူ ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဦးတင်နု ဖုန်း-၅၈၄၂၆၆၊ ဒေါ်အုန်းမြင့် ဖုန်း-၂၉၇၀၅၈၊ ဒေါ်ခင်စန်းကြည် ဖုန်း-၅၅၅၄၃၉၊ ဦးကျင်ဝမ်း(ခ) ဦးဆန်းနိုင် ဖုန်း-၂၂၀၀၂၁နှင့် ဦးဘုန်းဆွေ ဖုန်း-၆၈၀၇၂၃တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ရန် နိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## စာစီစာကုံးပြိုင်ပွဲ မိုးမောက်၌ ဆုချီးမြှင့်

မိုးမောက် နိုဝင်ဘာ ၂၂

ကချင်ပြည်နယ် မိုးမောက်မြို့ အထကကျောင်း ပညာရတနာခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၈နာရီက (၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးက အမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

## အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ပွဲ ပြည်မြို့တွင်ကျင်းပ

ပြည် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်တွင် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၁၀နာရီက ပြည်တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ထွဋ်က အမှာစကားပြောကြားသည်။

### ဖြန့်ဝေ

ယင်းနောက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ပြည်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ရွာအား ဖြန့်ဝေပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

## ကောလင်း အထက၌ ငွေပဒေသာပင်တိုးပွားရေး အလှူငွေများ လှူဒါန်းနိုင်

*ကောလင်း နိုဝင်ဘာ ၂၂*

*ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် ကျောင်းသားဟောင်းများက ၁၉၉၅ခုနှစ်မှစတင်၍ လစဉ်ထည့်ဝင်ငွေ တစ်ဦးလျှင် ငွေကျပ် ၃၆၀၀နှုန်းဖြင့် ထည့်ဝင်လှူဒါန်းရာ ယခုမတည်ငွေကျပ်သိန်း ၅၀ကျော်ရရှိပြီး ဆရာ ဆရာမများကို နှစ်စဉ်ကန်တော့နိုင်ရန်နှင့် ငွေပဒေသာပင် ဆက်လက်တိုးပွားနိုင်စေရန် ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း-၀၇၅-၄၂၁၁၂၊ ၄၂၁၇၈၊ ၄၂၂၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၂)*

## မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၂

တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို (ယနေ့) နံနက်ပိုင်းက ပုဏ္ဏားကုန်းရပ်ကွက် အမက (၃၂) ကျောင်းခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ဟောပြောပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအေးတင်က အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်စုမှူး ဦးအောင်ဇေယျာထွန်းက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ လျှပ်စစ်စစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးပြည်စိုးက လျှပ်စစ်အန္တရာယ်အကြောင်းကို လည်းကောင်း ဟောပြောကြသည်။ ထို့နောက် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြအောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ (၁၇၁)

ကမာရွတ်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၅)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ၂၁ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က ပထမတန်းတွင် ပထမဆုရရှိသူ မောင်အောင်ထက်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

## ရပ်ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

## ဗွီစီဒီ၊ ကာရာအိုကေအသံ အလွန်ဆူညံ

**စာတည်းခင်ဗျား-**

ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက်(အရှေ့ပိုင်း)ရှိ အိမ်နှစ်အိမ်တွင် အသံလုံခန်းမရှိဘဲ ဗွီစီဒီ၊ ကာရာအိုကေလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ အသံချဲ့စက်ဖွင့်သံများကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရေနံမြေဝန်ထမ်းတစ်ဦး**

## ပျက်စီးနေသောလမ်း ပြုပြင်ပေးစေလို

**စာတည်းခင်ဗျား-**

ဧရာဝတီတိုင်း ကြံခင်းမြို့နှင့် မက်သနောစက်ရုံ(ဆိပ်သာ) လမ်း အရှည် ၈မိုင်ခန့်ရှိသော ကားလမ်းမသည် ပျက်စီးနေပါသဖြင့် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## မုန့်ဖိုကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် စမ်းတော်ပြည့်တိုးချဲ့ရပ်ကွက် ပညာဘဏ်လမ်းရှိ မုန့်ဖိုသည် နေ့စဉ်နံနက် ၅နာရီမှည ၁၂နာရီအထိ စက်သံဆူညံခြင်း၊ မုန့်ဖုန်များပစ်ချခြင်း၊ မုန့်တူးအနံ့ဆိုးများထွက်ခြင်း၊ မီးခိုးငွေ့များ၊ ပလတ်စတစ်အိတ်ခွံ မီးရှို့သော် အနံ့ဆိုးများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်သူ**

## ဝက်ခြံမှ အနံ့ဆိုးများ ကြပ်မတ်ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် ထူပါရုံ ၂၂လမ်းအနောက်ရှိ အိမ်တစ်အိမ်၏ အနောက်ဘက်တွင် ဝက်များမွေးမြူထားရာ ထိုဝက်ခြံမှ အညစ်အကြေး အနံ့ဆိုးများနှင့် အစာချဉ်ဖတ်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူများ**

## ယင်လုံအိမ်သာများ ဆောက်လုပ်ပေးစေချင်

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း ကဝမြို့နယ် သတ္တလစံပြကျေးရွာတွင် အိမ်သာများကို ချောင်းအတွင်း၌ စည်းကမ်းမဲ့စွာ တည်ဆောက်ထားကြရာ ဝမ်းနှင့်ပတ်သက်သောရောဂါများ စိုးရိမ်ရပါသဖြင့် စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီ ယင်လုံအိမ်သာများကို စီမံချက်ဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာစေလိုသူများ**

## လူနေရပ်ကွက်အတွင်းမှ ဝပ်ရှော့ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၂)ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းမကြီးပေါ် အမှိုက်ပုံအနီးရှိ လူနေအိမ်ရှေ့မှ ၃၆ ဘတ်စ်ကားဝပ်ရှော့သည် စည်ပင်မြေလမ်းပလက်ဖောင်းပေါ်တွင် နေ့စဉ်နံနက်မှ ညမိုးချုပ်သည့်တိုင်အောင် ဆူညံစွာဖြင့် လုပ်ကိုင်နေပြီး သံပြားထုရိုက်သံ၊ သံဂဟေဆက်သံ၊ ကျောက်စက်သံ၊ တင်ဒါဆေးနံ့များကြောင့် ရပ်ကွက်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရုံမျှမက ကျန်းမာရေး ထိခိုက်စေနိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

## အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေ

**စာတည်းခင်ဗျား-**

မကွေးတိုင်း တောင်တွင်းကြီးမြို့ အုန်းတော(၂)ရပ်ကွက် ထနောင်းရိပ်လမ်းရှိ အိမ်တစ်အိမ်၌ ကြက်များကို စီးပွားဖြစ်မွေးမြူသော်လည်း သန့်ရှင်းမှုမရှိ၍ အနံ့ဆိုးများ နေ့စဉ်နံနေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်နေပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ထနောင်းရိပ်လမ်းသား**

## ရွာထိပ်လယ်ကွက်မှ အရက်ဆိုင် ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ်မြို့ အရှေ့စည်ပင်ကျေးရွာအုပ်စု စည်ပင်ကျေးရွာ ရွာထိပ်လယ်ကွက်အလယ်တွင် အရက်ဆိုင်တစ်ဆိုင် ဆောက်လုပ်ပြီး နေ့ရောညပါ ရောင်းချနေရာ အရက်ဆိုင်မှဆူညံသံများကြောင့် ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**စည်ပင်ရွာသား**

## ရပ်ကွက်ထဲက အမဲညှီနံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင်-**

မန္တလေးမြို့ ၈၆လမ်း × ဒေါနလမ်း ဒေါနခြံရပ်ကွက် အကွက်(၄၄၇)တွင်းရှိ အိမ်တစ်အိမ်တွင် အမဲခြောက်လုပ်ငန်းကို နေ့ရောညပါ မပြတ်လုပ်ကိုင်နေ၍ ညှော်နံ့၊ ညှီနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်ရုံသာမက မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

## ရေစီးဆင်းမှုကောင်းစေလို ဖြေရှင်းဆောင်ရွက်ပြီး

၃၁-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒိုက်ဦးမြို့ အမှတ်(၄) ရပ်ကွက် (တောင်ပိုင်း)တွင် ရေမြောင်းများ ပိတ်ဆို့နေ၍ ရေစီးရေလာ မကောင်းသဖြင့် ကျန်းမာရေးထိခိုက်မှုဖြစ်ရကြောင်း** ပေးစာနှင့်ပတ်သက်၍ ရေစီးဆင်းမှုကောင်းမွန်အောင် ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## လမ်းကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၁-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုသိမ်မြို့ မဟာစေတီလမ်းပျက်စီးနေ၍ ပြုပြင်ပေးရန်** ပေးစာနှင့် ပတ်သက်၍ ပျက်စီးနေသည့်လမ်းအပိုင်းကို ပြုပြင်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# လင်းရောင်ခြည်စာကြည့်တိုက် ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကန်ကြီးထောင့်မြို့နယ်၌ကျင်းပ

ကန်ကြီးထောင့် နိုဝင်ဘာ ၁၈

**ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် လင်းရောင်ခြည် ကျေးရွာစာကြည့်တိုက် ပန္နက်တင်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁၃ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။**

**စိုက်ထူ**

အခမ်းအနားတွင် စာကြည့်တိုက်မြေ နေရာ ပန္နက်တိုင်များကိုနယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးမင်းဝင်း၊ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးမှူး ဒေါ်ဇင်မာဦး၊ ရပ်မိရပ်ဖများ နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း စိုက်ထူပေးကြသည်။

**ပေးအပ်**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ နိုင်ငံတော်မှ မတည်လှူဒါန်း ငွေကို ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းက ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်း အောင်က လက်ခံယူပြီး **(အပေါ်ယာပုံ)** ဒေသခံပြည်သူများ၏ လှူဒါန်းငွေများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ငွေချည်(၆) ချည်မျှင်ရှည်ဝါ အောင်မြင်စွာထွက်ရှိရေးနှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေး ပြည်မြို့နယ်၌ဆွေးနွေး

ပြည် နိုဝင်ဘာ ၁၄

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါ ဧက၃၂၆ဝစိုက်ပျိုးထားရှိပြီး အောင်မြင်စွာထွက်ရှိနိုင်ရေး နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် နိုဝင်ဘာ ၁ဝရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ်ဝါလုပ်ငန်းမန်နေဂျာ ဒေါ်အေးအေးမြင့်နှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ လိုက်ပါလျက် ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။**

ထို့နောက် ပြည်မြို့နယ် သစ်ချိုပင်အုပ်စု ကံစုကျေးရွာတွင် ကွင်းအမှတ် (၃၃၃) ဝါစိုက်တောင်သူ ဦးမျိုးချစ်၏ အောင်မြင်ဖြစ်ထွန်းနေသော ဝါစိုက်ခင်းသို့ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် ပိုးမွှား အန္တရာယ်ကာကွယ်ရေး နည်းစနစ်များ ဆွေးနွေးပြောကြားပြီး သစ်ချိုပင်အုပ်စု သပြေပင်အင်းကျေးရွာရှိ ငွေချည်(၆)ဝါစိုက်ခင်းများကို ကြည့်ရှုကာ **(အပေါ်ပုံ)** လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း မြန်မာ့စီးပွားရေးဘဏ်၏ စာရင်းဟောင်းရှင်းလင်းရေးသင်တန်း အမှတ်စဉ် ၁/၂၀၀၉(သာယာဝတီ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို မြန်မာ့စီးပွားရေးဘဏ် သာယာဝတီခရိုင်ဘဏ် သင်တန်းခန်းမ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပရာ တိုင်းမန်နေဂျာ ဦးသိန်းဖေက သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

## မီးဘေးကြိုတင်ကာကွယ်ရေး ဗန်းမော်မြို့ အမှတ်(၂)ဈေး၌ လေ့ကျင့်

*ဗန်းမော် နိုဝင်ဘာ ၁၈*

*ဗန်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)စည်ပင် သာယာဈေးကြီးအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ရုံး ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများစုပေါင်း၍ နိုဝင်ဘာ၁၄ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့် မှုကို ဒုတိယဦးစီးမှူး (ဈေး) ဦးတင်မောင် သန်းက ဦးဆောင်၍ ဦးစီးအရာရှိ ဦးမြင့်ဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။*

***(ခရိုင် ပြန်/ဆက်)***

**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ကြေးနန်းလမ်းနှင့် ဈေးကြီးလမ်းဆုံတံတား ပြုပြင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# မြင်းမူမြို့နယ်၌ ကွန်ပျူတာသင်တန်းဆင်း

မြင်းမူ နိုဝင်ဘာ ၁၈

**မြင်းမူမြို့နယ် ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် WKM Computer Center တို့ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂/၂၀၀၉)ဆင်းပွဲအခမ်းအနားနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက်၁ဝနာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပ သည်။**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ (ကိုယ်စား) မြို့နယ်တရားသူကြီး ဦးဝင်းမော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက သင်တန်းတစ်လျှောက် အတွေ့အကြုံများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက သင်ယူခြင်းနှင့် အကျိုးရှိစွာ အသုံးချဆောင် ရွက်နိုင်ရေးများကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အမှတ်စဉ်(၂/၂၀၀၉) ကွန်ပျူတာသင်တန်းတွင် တက်ရောက်ခဲ့ သော အဆင့်မြင့်သင်တန်းသား သင်တန်း သူ ၁ဝဦး၊ အခြေခံကွန်ပျူတာသင်တန်း သား သင်တန်းသူ ၂၂ဦး စုစုပေါင်း ၃၂ဦး အား သင်တန်းဆင်း လက်မှတ်များကို နည်းပြဆရာမ ဒေါ်ဝင်းခိုင်ခိုင်မိုးက ပေးအပ်ချီးမြှင့်ရာ သင်တန်းသူ မသဇင်ဝင်း က လက်ခံယူကြောင်း သိရသည်။ **(ဝ၃၅)**

# ကောလင်းမြို့ ဘိုးဘွားရိပ်သာသို့ အလှူငွေ ပေးအပ်လှူဒါန်း

ကောလင်း နိုဝင်ဘာ ၁၅

ကောလင်းမြို့ ဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ပွဲ ကို နိုဝင်ဘာ၆ရက်က အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ဘိုးဘွားရိပ်သာ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်၊ ဘဏ္ဍာရေးမှူး ဒေါက်တာခင်သောင်း၊ မကွေးဆေးတက္ကသိုလ် ပါမောက္ခ သားဖွားမီးယပ်ပညာဌာနမှ ဒေါက်တာခင်မောင်ညွန့် နှင့် မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကောလင်းမြို့ မြောက်အင်းရပ်နေ မိဘ များဖြစ်သော ဦးခင်ဘ-ဒေါ်ခင်ညွန့်တို့အားရည်စူး၍ မကွေး ဆေးတက္ကသိုလ် ပါမောက္ခဌာနမှူး သားဖွားမီးယပ်ပညာဌာန ဒေါက်တာခင်မောင်ညွန့်နှင့် ရန်ကုန်မြို့ တွဲဖက်ပါမောက္ခ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ဝင်းသန်းနှင့် မောင်နှမတစ်စုတို့က ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဒေါက်တာခင်သောင်းထံ ပေးအပ်လှူဒါန်းကြသည်။ (ဝ၃၂)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အင်းဝလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက် စဉ်။ (မြို့နယ်စည်ပင်)

**မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားရောဂါများ ကြိုတင် ကာကွယ်ရေးအတွက် ဈေးအတွင်းရှိ ရေနုတ်မြောင်းများ၊ အများသုံးအိမ်သာများ၊ အသားရောင်းဆိုင်များနှင့် ဈေးရုံများအတွင်း ခြင်ဆေးဖျန်းခြင်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ဘူးသီးတောင် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့၌ ရပ်ကွက်၊ ကျေးရွာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုး နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်မျိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သင်တန်းသား ၃၁ဦး တက်ရောက် ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ငွေပေးအပ်ပွဲ လွိုင်ကော်၌ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၀

ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အသက် (၇၅)နှစ်နှင့် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းအငြိမ်းစား စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၈နာရီခွဲက လွိုင်ကော်မြို့ ငြိမ်းချမ်းရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ(**ယာပုံ**)၊မသန်စွမ်းအငြိမ်းစား စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဂုဏ်ထူးရကျောင်းသူတစ်ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

(ပြည်နယ် ပြန်/ဆက်)

မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့ ပေါင်မြို့တွင် ပေါင်-ထန်းပင်ချောင်ကြီး (ကျေးလက်လမ်း) ကတ္တရာထပ်ပိုးလွှာတင်ရန် ကျောက်များ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက် ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ကတ်တုံးများနောက် မြေဖြည့်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းစသည့် သာယာလှပရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူ၏ ကြပ်မတ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

## ခန္တီးခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

ခန္တီး နိုဝင်ဘာ ၁၂

ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် ညနေ ၄နာရီက ခန္တီးမြို့ ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။

### ချီးမြှင့်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော လေရှီးမြို့နယ်အသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်းက ဆုငွေကျပ် ၇၅၀၀၀ချီးမြှင့်ပေးပြီး ဒုတိယဆုရရှိသော လဟယ်မြို့နယ်အသင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်က ဆုငွေကျပ် ၁၀၀၀၀၀၊ ပထမဆုရရှိသော ခန္တီးမြို့နယ်အသင်းကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက ဆုငွေကျပ် ၁၅၀၀၀၀၊ ခရိုင်ဥက္ကဋ္ဌဖလား တံခွန်စိုက် ပထမဆုရရှိသော ခန္တီးမြို့နယ်အသင်းအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရှုစံကြူးက ချီးမြှင့်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

## ဆားလင်းကြီး၌ စံပြကျေးရွာဖွင့်

ဆားလင်းကြီး နိုဝင်ဘာ ၆

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆားထုံးစံပြကျေးရွာဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာမုခ်ဦး၌ ကျင်းပရာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေထွန်း တက်ရောက်ချီးမြှင့်ပြီး ဆားထုံးစံပြကျေးရွာဥက္ကဋ္ဌ ဦးဖြိုးသူရဆွေနှင့် ရပ်မိရပ်ဖ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

## မြို့နယ်သတင်းများ

## လင်းခေးခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

*လင်းခေး နိုဝင်ဘာ ၂၀*

*ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ၂၀ရက် ညနေ ၃နာရီခွဲက ပြည်ငြိမ်းအေး အားကစားကွင်း၌ ကျင်းပသည်။*

*ဗိုလ်လုပွဲတွင် လင်းခေးမြို့နယ်အသင်းနှင့် မိုင်းပန်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လင်းခေးမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။*

*အနိုင်ရဗိုလ်စွဲသွားသော လင်းခေးမြို့နယ်အသင်းအား ငွေသားဆု ကျပ်တစ်သိန်းခွဲကို နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အေးလွင်က ပေးအပ်ချီးမြှင့်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ပထမဆုဖလားကို ပေးအပ်ချီးမြှင့်သည်။*

*ထို့နောက် ဒုတိယဆုရ မိုင်းပန်မြို့နယ်အသင်းအား ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးစိုးမြင့်က ဆုတံဆိပ်နှင့် ငွေသားဆုကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး အကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊နောက်တန်းနှင့် ဂိုးသမားဆုများကို ခရိုင်အတွင်းရေးမှူး ဦးအောင်ခိုင်၊ ခရိုင်တရားသူကြီးဦးဟုတ်ရီနှင့် ခရိုင်ဥပဒေအရာရှိ ဦးမင်းဆွေတို့က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။* ***(ခရိုင် ပြန်/ဆက်)***

မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြ ရေပေးရေးလုပ်ငန်းဖြစ်သည့် မြိတ်တောင် ရပ်ကွက်တွင် ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်နှင့် ရေစက်ရုံ တည်ဆောက်နေမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးဦးနေမျိုးက ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းအဖြစ် ဆောင်ရွက်မည့် မြဝတီ-မဲထော်သလေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန်အတွက် မတည်လှူဒါန်းငွေများပေးအပ်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၅

**မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် နိုင်ငံတော်မှ မတည်လှူဒါန်းငွေများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက်၉နာရီက ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော်မှ မတည်လှူဒါန်းငွေများကို ညွှန်ကြားရေးမှူး ဦးသန်းထွန်းက မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာဥက္ကဋ္ဌဦးဝင်းမြင့်ထံလည်းကောင်း၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာဥက္ကဋ္ဌ ဦးသောင်းတင်နှင့် မလှိုင်မြို့နယ် သိမ်ကုန်းတောင်ရွာဥက္ကဋ္ဌ ဦးမာလေးထံ လည်းကောင်း၊ ဒုတိယရဲမှူးကြီး ထွန်းဦးက သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ ဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ဝမ်းတွင်းမြို့နယ် ရာသချာ ကျေးရွာဥက္ကဋ္ဌ ဦးပေါ်ထွန်းထံလည်းကောင်း ပေးအပ်သည်။

### ဆွေးနွေး

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီ၊ လေးမြို့နယ် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် အညီဖြစ်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## ကမ္ဘာ့ ဆီးချို၊သွေးချိုကာကွယ်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးဟောပြောပွဲ အင်တော၌ကျင်းပ

အင်တော နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကမ္ဘာ့ ဆီးချို၊သွေးချိုကာကွယ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို နိုဝင်ဘာ ၈ရက် နံနက် ၉နာရီက ကျင်းပသည်။

### ရှင်းလင်းဟောပြော

အခမ်းအနားတွင် မြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက အမှာစကား ပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းသိန်းက ဆီးချို၊ သွေးချို ရောဂါဖြစ်ပွားမှုများနှင့် ကြိုတင်ကာကွယ်ကုသမှုများကို ရှင်းလင်းဟောပြောပြီး ဆက်လက်၍ တိုက်နယ်ဆရာဝန်က သိရှိလိုသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အရှေ့ဘက်ကမ်းရပ်ကွက် သခင်လှမြိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၁၄ရက်က အမှုဆောင်အရာရှိဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

# ရေလျှံတွင်းများအကျိုးကျေးဇူးကြောင့် ဖွံ့ဖြိုးစည်ပင်လာသည့် ပခုက္ကူခရိုင် မြိုင်မြို့နယ်က ပန်းစွာကျေးရွာမြင်ကွင်း

နေပြည်တော် နိုဝင်ဘာ ၂၂

ပခုက္ကူခရိုင် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဘစွာကျေးရွာက ရေလျှံတွင်းရေဖြင့် စပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ပြောပြသည်။ ထူးခြားသောအမည်ဖြစ်နေသည်မို့ ဘစွာအမည်အကြောင်းမေးရာ စာဖြင့်ရေးလျှင် **ပန်းစွာ** ဟုရေး၍ စကားပြောလျှင် **ဘစွာ** ဟုပြောကြောင်း ပြောသဖြင့် မှတ်မှတ်သားသား ရှိလိုက်ရသည်။

### ဖြစ်ထွန်းအောင်မြင်

ပန်းစွာကျေးရွာသည် ပခုက္ကူ-ရေစကြို-မြိုင် ကားလမ်း အရှေ့ဘက်မှ မိုင်၂၀ခန့် မြေနီလမ်းသို့ ဝင်ရသည်။ ရေစကြိုမြို့နှင့် မြိုင်မြို့တို့ထိစပ်နေသော ကျေးရွာလေးဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့က ပန်းစွာကျေးရွာ ရေလျှံတွင်းမှ ထွက်ရှိသောရေများဖြင့် စပါးသီးနှံများဖြစ်ထွန်းအောင်မြင်နေမှု သတင်းစကားကြားသိရသဖြင့် လေ့လာရန် *စာမျက်နှာ ၆ ကော်လံ ၁* ●

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

**ရေလျှံတွင်း အမှတ်(၇၂)**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပန်းစွာကျေးရွာ ရေလျှံတွင်း အမှတ်(၇၂)မှ ရေများလျှံထွက်ကျနေသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## မီးလောင်လူနာအတွက် အရေပြားသစ် ပြင်သစ်သုတေသီတို့ ဖန်တီးနိုင်



*မီးလောင်ခံရသူများအတွက် အစားထိုးပေးရမည့် အရေပြားသစ်ကို လူသား၏ သန္ဓေခဲ ပင်မကလာပ်စည်းများကို သုံးပြီး ဖန်တီးသည့် နည်းလမ်းတစ်ရပ်ကို ပြင်သစ်သုတေသီများက ထုတ်ပြန်ကြေညာလိုက်သည်။*

*တွေ့ရှိရ*

*ကြွက်များတွင် ပိုးဆက်ပြီးနောက် ရက်သတ္တ ၁၂ပတ်အကြာတွင် အဆိုပါ ပင်မကလာပ်စည်းများသည် လူ့အရေပြားအဖြစ်သို့ အပြည့်အဝ ရောက်ရှိသွားပြီဟု သုတေသီများက ဆိုသည်။ ရရှိသည့် အရေပြားကို အရေပြားလိုအပ်နေသော* *စာမျက်နှာ ၆ ကော်လံ ၄* ✳

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။**